ကတညုတာ စေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအားလက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ **တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun အား ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၂၀၁၄၅၃

ကုန်းမြင့် လယ်ယာမြေ

ဟိုမိန်းဒေသ ဝမ်းစာဖူလုံရေးအတွက် ဖော်ထုတ်ပြီး လယ်ယာမြေများတွင် စက်မှုလယ်ယာက ထွန်စက်များဖြင့် ထွန်ယက်ပေးနေသည် မြင်ကွင်း။

ဓာတ်ပုံမှတ်တမ်း- ရွှေအင်းသားခင်မောင်ဝင်း

ကုန်းမြင့်လယ်ယာဖြင့် ဖွံ့ဖြိုးဝေစည်နေသောဟိုမိန်းမြို့ ဒေသဝမ်းစာဖူလုံလာ၍ ဒေသခံများဝမ်းမြောက်

သတင်းဆောင်းပါး-မောင်မောင်ထွေး၊ ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း

ရန်ကုန် ဧပြီ ၂၁

သံလွင်မြစ်အနောက်ခြမ်းမှ အရှေ့ခြမ်းသို့ကူးပြီး တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ကျော်ဖြတ်ကာ ဟိုမိန်းမြို့သို့ရောက်တော့ နေစောင်း၍ ညပိုင်းသို့ပင် ကူးပြောင်းသွားသည်။

ဒေသဖွံ့ဖြိုးရေးလေ့လာခွင့်ရ

ဤခရီးသို့ ပထမဦးဆုံးရောက်ရှိခြင်းဖြစ်၍ အရာရာသည် အသစ်အဆန်း ချည်းဖြစ်နေသည်။ လေ့လာ၍ မကုန်နိုင်ဖြစ်ရသည်။ မိုင်းခိတ်-ကောင်ဆိုင်း၊ ပြင်သာယာ-ထီရိရထား လမ်းပိုင်း ဖွင့်ပွဲအပြီးတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည့် *စာမျက်နှာ ၁၃ ကော်လံ ၁*

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

ကျန်းမာရေးစောင့်ရှောက်မှု တက်တက်ကြွကြွထမ်းဆောင် ဒေသဖွံ့ဖြိုးတိုးတက်စည်ပင်လာရေး အားထုတ်ကြိုးပမ်း

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှ စားဝတ်နေရေး ပြည့်စုံဖူလုံမည်။ လူတိုင်းအလုပ်လုပ်နိုင်မှ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်နိုင်မည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်နိုင်ရန် နိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်မှုနှင့် ပြည့်စုံရန် လိုအပ်သည်။

ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးအသုံးစရိတ်ရန်ပုံငွေကို တစ်နှစ်ထက် တစ်နှစ် ပိုမိုကျခံသုံးစွဲလျက် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုးချဲ့ တည်ဆောက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းကျောက်ဆည်မြို့၌ တည်ဆောက်ပြီးစီးခဲ့သည့် အထူးကုဆေးရုံကြီး (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၈ရက်နေ့ နံနက်ပိုင်းက အဆိုပါအထူးကုဆေးရုံကြီး၌ ကျင်းပရာ အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အထူးကုဆေးရုံကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင်-

"ယနေ့ဖွင့်လှစ်သည့် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံသစ်ကြီးသည် ကျောက်ဆည်ခရိုင်၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်စွာ ပေးနိုင်မည်ဖြစ်သည့်အပြင် တစ်ဖက်တစ်လမ်းကလည်း ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေမည်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် ကျန်းမာရေးကဏ္ဍတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရမည်၊ သက်တမ်းစေ့ ကျန်းမာစွာနေနိုင်ရမည်ဆိုသည့် မွန်မြတ်မြင့်မားသော ဦးတည်ချက်ဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်၌ ၁၉၈၈ခုနှစ်မတိုင်မီက တက္ကသိုလ်လေးခုသာရှိခဲ့ပြီး ယခုအခါ တက္ကသိုလ် ၁၄ခုအထိ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးနိုင်နေပြီဖြစ်သည်။

၁၉၈၈ခုနှစ် မတိုင်မီက သူနာပြုသားဖွားနှင့် သူနာပြုနှီးနွှယ်သင်တန်းကျောင်း ၂၆ ကျောင်းသာ ရှိခဲ့ရာမှ ယခု အခါ ၄၃ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပြီး သူနာပြုသားဖွားများကို တိုးတက်မွေးထုတ်ပေးလျက် ရှိသည်။ ဆရာဝန်ဦးရေအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၁၂၂၆၈ ဦးရှိရာမှ ယခုအခါ ၁၆၅၇၀ ရှိလာခဲ့ပြီ ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကိုကြည့်ပါက ၁၉၈၈ ခုနှစ်တွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၇၆၆ရုံ ရှိနေပြီဖြစ်သည်။

ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင်(၂၅)ခုတင်မှ ခုတင်(၅၀)၊ ခုတင်(၁၀၀)မှ ခုတင် (၂၀၀)၊ ခုတင် (၃၀၀) ဆံ့ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၄၀ ကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။

နယ်စပ်ဒေသများ၌ ၁၉၈၈ခုနှစ်က ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုအခါ ဆေးရုံ ၅၄ ရုံ၊ ဆေးပေးခန်း ၈၁ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၃၂ ခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၅၁ခု အထိ ဖွင့်လှစ်နိုင်ခဲ့သည်။

ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြည်နယ်၊တိုင်း မြို့ကြီးများနှင့် ခရိုင်အဆင့်ဆေးရုံကြီးများ၏ ရောဂါရှာဖွေမှု၊ ကုသမှုအရည်အသွေးတိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးရုံသုံးပစ္စည်းများ ဖြည့်တင်းပေးလျက်ရှိရာ ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်မှ ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇သန်းဖိုး ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီဖြစ်စေရေးအတွက် မန္တလေးပြည်သူ့ဆေးရုံကြီးကို ရန်ကုန်ပြည်သူ့ ဆေးရုံကြီးနည်းတူ အထူးကုသမှုယူနစ်များကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး အထူးကုဆရာဝန်ကြီးများနှင့် အခြားကျွမ်းကျင်မှု ပညာရှင်များအား ဖြည့်စွက်ပေးကာ လိုအပ်သည့်နောက်ဆုံးပေါ် ခေတ်မီအဆင့်မြင့် ဆေးရုံသုံးစက်ကိရိယာများ တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ဒေသ၏လိုအပ်ချက်အရ ခံ့ညားထည်ဝါသည့် ဆေးရုံအဆောက်အအုံသစ်ကြီးနှင့် အတူ ခေတ်မီတိုးတက်သည့် ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများ၊ အထူးကု ဌာနများပါဝင်သော ခုတင် (၂၀၀)ဆံ့ ကျောက်ဆည် အထူးကုဆေးရုံကြီးကို တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရည် အသွေး မြင့်မြင့်မားမားဖြင့် စေတနာထက်ထက်သန်သန် တက်တက်ကြွကြွ ထမ်းဆောင်သွားကြရန်နှင့် ဒေသခံပြည်သူများကလည်း ကျန်းမာရေးစောင့်ရှောက်မှုအခြေခံကောင်းများကို ထိထိရောက်ရောက် အသုံး ပြုပြီး ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် နိုင်ငံသားများအဖြစ်ရပ်တည်ကာ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်စည်ပင်ရေး အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သက်ကြီးပူဇော်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အလှူငွေများပေးအပ်

ရန်ကုန် ဧပြီ ၂၁

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာသက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် (မြန်မာ့နှစ်ဆန်းတစ်ရက်) နံနက် ၈နာရီက တိုင်းစစ်ဌာနချုပ်ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝင်းမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် အရာရှိစစ်သည် မိသားစုဝင်များ၊ ကန်တော့ခံသက်ကြီးရွယ်အို အဘိုးအဘွား ၂၃ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းစစ်ဌာနချုပ်မိသားစုများက အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ဖြင့် လှူဒါန်းသော အလှူငွေများကို တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က လည်းကောင်း၊ တိုင်းမှူးနှင့်ဇနီးမိသားစုက အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ဖြင့် လှူဒါန်းသော အလှူငွေများကို တိုင်းမှူး၏ဇနီးကလည်းကောင်း အဘိုးအဘွားများအား ထောက်ပံ့ပေးအပ်သည်။

ဆုတောင်းမေတ္တာပို့

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အလှူရှင်များက အဘိုးအဘွားများအား ကန်တော့ကြပြီး အဘိုးအဘွားများကိုယ်စား အဘိုးအေးမောင်က ဆုတောင်းမေတ္တာပို့သပေးသည်။

ပူဇော်ကန်တော့

ထို့နောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက အဘိုး အဘွားများအား အချိုရည် နှင့် မုန့်များပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းနှင့် အဆိုပါ သက်ကြီးပူဇော်ကန်တော့ပွဲတွင် အသက် ၇၀ မှ ၈၀ အတွင်းရှိ အဘိုးအဘွား ၁၃ ဦး၊ အသက် ၈၁နှစ်မှ ၉၀ အတွင်းရှိ အဘိုးအဘွားရှစ်ဦး၊ အသက် ၉၁နှစ် အထက် အဘိုးအဘွားနှစ်ဦး စုစုပေါင်း အဘိုး အဘွား ၂၃ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော သတ္တမ အကြိမ်မြောက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အစီအစဉ်ရ တိုင်းမှူးနှင့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ကန်တော့ခံအဘိုးအဘွားများအား ရှိခိုးကန်တော့ကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကန်တော့ခံသက်ကြီးအဘိုးအဘွား ၄၀၂ဦးအား တစ်ဦးချင်းအလှူငွေများပေးအပ်လှူဒါန်းပြီး သာဓုသုံးကြိမ် ခေါ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းခဲ့

အဆိုပါ သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်၂၀ရပ်ကွက်မှ အသက် ၈၀နှင့်၁၀၆ နှစ်အကြားရှိ သက်ကြီးအဘိုး ၁၅၂ ဦးနှင့်အဘွား ၂၅၀ စုစုပေါင်း ၄၀၂ဦး တက်ရောက် အပူဇော်ခံကြပြီး အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၇၂၉၉၂၀၀၊ ပြည်နယ်အမျိုး သမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့က ငွေကျပ် ၁၆၀၈၀၀၊ ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီးသီဟသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန် ပထမဆင့်) မိသားစုကငွေကျပ် ၁၂၀၆၀၀၀၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်းနှင့်ဒေါ်နန်းအေးအေးမြင့် မိသားစုက ငွေကျပ် ၇၅၀၀၀၀၊ ဒေင်အုပ်စု ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌဦးချစ်ခိုင်မိသားစုက ငွေကျပ် ၁၁၇၉၀၀၀၊ ရှမ်းတိုင်းရင်းသားအဖွဲ့က ငွေကျပ် ၁၀၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၀၂၅၀၀၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် အမှတ် (၁၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို ဧပြီ ၃ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင် နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်/ပြန်ဆက်)

အခြေခံယဉ်ကျေးမှု သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၁

ရှေ့နေချုပ်ရုံး၊ ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းက ကြီးမှူး ဖွင့်လှစ် သော တတိယအကြိမ်မြောက် အခြေခံ ယဉ်ကျေးမှု သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက ဗဟန်းမြို့နယ် ကမ္ဘာအေး စေတီလမ်းနှင့် ဗဟန်း(၂) လမ်းထောင့်ရှိ ရှေ့နေချုပ်ရုံး ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ရှေ့နေချုပ်ရုံး ညွှန်ကြား ရေးမှူးချုပ် ဦးမြညိမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယ ရှေ့နေချုပ် ဦးမြင့်နိုင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ အသက်ခြောက်နှစ်မှ ၁၂နှစ်အရွယ်ရှိ သားငယ်၊ သမီးငယ် သင်တန်းသားသင်တန်းသူ ၈၀ တက်ရောက်ပြီး သင်တန်း ကာလမှာ ၁၆ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေးသင်တန်းဖွင့် တိုင်းရင်းဆေးပညာအခြေခံများပို့ချသင်ကြားပေးမည်

ရန်ကုန် မေ ၂၁

သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ညှိနှိုင်းပေါင်းစပ်ဖွင့်လှစ်သည့် နယ်စပ်နှင့်တောင်တန်းဒေသများ၌ သာသနာပြုလုပ်ငန်းတာဝန်များကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြမည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စတုတ္ထနှစ်သင်တန်းသားရဟန်းတော်များ၏ ဆဋ္ဌမအကြိမ် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းမဏ္ဍပ်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနအမှူးပြုသော ဆရာတော်များနှင့် သင်တန်းသား ရဟန်းတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

လျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင်ကျန်းမာရေးသည် လာဘ်တစ်ပါးဟူသော ဘုရားဟောဒေသနာတော်သည် အမှန်တကယ် မကျန်းမမာဖြစ်သောအခါတွင် ပိုမိုထင်ရှားသိသာပါကြောင်း၊ ကျန်းမာရေးကောင်းမွန်ပြီး အနာရောဂါ ကင်းရှင်းခြင်းသည် လောကီနယ်ပယ်တွင်သာမက လောကုတ္တရာနယ်ပယ်မှာပါ များစွာအရေးကြီးသည်မှာ သိသာထင်ရှားပါကြောင်း၊ ကျန်းမာရေးသည် လောကသားအားလုံးအတွက် လွန်စွာအရေးကြီးသဖြင့် ယနေ့ နိုင်ငံတော်အကြီးအကဲများက ကျန်းမာရေးနှင့်ပတ်သက်၍ ဘက်စုံထောင့်စုံက တိုးတက်ပြည့်စုံအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကို ဆရာတော်များ အသိပင်ဖြစ်ကြောင်း။

ယနေ့ခေတ်အခါတွင် အနောက်တိုင်းဆေးပညာများနည်းတူ အရှေ့တိုင်းဆေးပညာခေါ် တိုင်းရင်းဆေးပညာသည် ဒေသအလိုက် အထူးပင်ကျော်ကြားလျက်ရှိပါကြောင်း၊ သင်တန်းတွင် သင်တန်းသားရဟန်းတော်များအတွက် အလွန်ကျေးဇူးများမည့် တိုင်းရင်းဆေးပညာအခြေခံသဘောတရား၊ ရာသီဥတုနှင့် ရာသီအလိုက်ဖြစ်တတ်သည့်ရောဂါများ၊ ဒေသပေါက် ဆေးဖက်ဝင်အပင်များအကြောင်း၊ တိုင်းရင်းဆေးသုံးစွဲနည်းများ စသည့် အခြေခံတိုင်းရင်းဆေးပညာဘာသာရပ်များကို ပို့ချသင်ကြားပေးသွားမည်ဖြစ်ရာ ရရှိသမျှအချိန်ကာလအတွင်း ကြိုးစားသင်ယူကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသန အမှူးပြုသော ဆရာတော်များအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လှူဖွယ်ပစ္စည်းဆက်ကပ်

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းမဏ္ဍပ်၌ကျင်းပသော ဆဋ္ဌမအကြိမ် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ရန် ဝန်ကြီးဒေါက်တာကျော်မြင့် မလေးရှားနိုင်ငံ ပီနန်သို့ထွက်ခွာ

ရန်ကုန် မေ ၂၁

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် မလေးရှားနိုင်ငံ ပီနန်မြို့၌ မေ ၂၂ ရက်မှ ၂၃ ရက်အထိကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E Dato' Cheah Sam Kip၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သဂ်ဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုးနှင့် ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဖေသက်ထွန်းတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယမိုက်ပဋ္ဌာန်းသင်တန်းဖွင့်

ရန်ကုန် မေ ၂၁

စတုတ္ထအကြိမ်နွေရာသီ ယမိုက်ပဋ္ဌာန်းအထူးသင်တန်းကို မန္တလေးမြို့ ဓမ္မိကာရာမတိုက်ရှိ ဗိုလ်ကျောင်း၌ မေ ၂၂ ရက်မှ မေ ၂၂ ရက် တစ်လတိတိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဆရာတော် ဦးသုစိတ္တာဘိဝံသ (ဓမ္မာစရိယ) နှင့် မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် စာချဆရာတော်ဦးဝိသုတ အရှင်မြတ်နှစ်ပါးတို့က သင်ကြားပို့ချမည်ဖြစ်သည်။ **(က-ပ)**

ပညာရေးဆိုင်ရာလုပ်ငန်းများထိရောက်စွာအကောင်အထည်ဖော်နိုင်မှုစွမ်းရည်မြှင့်တင်ရန် အီလက်ထရွန်နစ်နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းတိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ လက်ထောက် ပြည်နယ်/တိုင်း ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အခြေခံပညာဦးစီးဌာနရုံးချုပ်များရှိ စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရန်နှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှု စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်၍ အီလက်ထရွန်နစ်နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်းကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အီလက်ထရွန်နစ်သင်ယူမှုဌာန (e- Education Learning Centre)များသို့ တိုက်ရိုက် ထုတ်လွှင့်ပို့ချရန် ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါသင်တန်းအတွက် သင်ခန်းစာ ပို့ချချက် အစီအစဉ်များကို မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ပညာရေး ရုပ်မြင်သံကြား ရိုက်ကူးရေးခန်းမ၌ ရိုက်ကူး ထုတ်လုပ်ပြီးဖြစ်၍ ရန်ကုန်အဝေးသင်တက္ကသိုလ် Electronic Data Broadcasting Centre က တိုက်ရိုက်ထုတ်လွှင့်ပို့ချပေးမည်ဖြစ်သည်။

အီလက်ထရွန်နစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်းကို ၂၀၀၄ ခုနှစ် မေ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နေ့စဉ်နံနက် ၉ နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ၃ နာရီအထိ တစ်ကြိမ် ထုတ်လွှင့်ပို့ချသွားမည်ဖြစ်ရာ အဆိုပါ ထုတ်လွှင့်ပို့ချမှုအစီအစဉ်များကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ သတ်မှတ်ထားသော အီလက်ထရွန်နစ်သင်ယူမှု ဌာန (e-Education Learning Centre) များ၌ သင်ယူကြရမည်ဖြစ်သည်။

ထုတ်လွှင့်ပေး

ထို့ပြင် အဆိုပါ သင်တန်းနှင့် စပ်လျဉ်း၍ သိကောင်းစရာများကို မေ ၂၄ ရက် နှင့် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကြိုတင်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ပညာရေးရုပ်မြင်သံကြားရိုက်ကူးရေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားအစီအစဉ်ကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ဗြဟ္မစိုရ် ရောင်းဝယ်ရေးသမဝါယမလီမိတက်၏ ဆဋ္ဌမ အကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၂၀ ရက်က အသင်းရုံးခန်းမတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ တေးသံရှင် ဒါရိုက်တာ ကျော်ကုန်းစိုးမြင့်က သက်ကြီး အဘိုးအဘွားများထံ အလှူငွေနှင့်ပစ္စည်းများ ကန်တော့စဉ်။ (၁၉၂)

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ ပန်းတနော်မြို့၌ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၁

ပန်းတနော်မြို့ သာသနဟိတာရာမ ပုခမ်းကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ် ၁၅၉ ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း အထူးတရားစခန်းဖွင့်ပွဲကို တန်ခူးလပြည့်ကျော် ၇ ရက် (မေ ၁၁ ရက်) ည ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သာသနဟိတာရာမပုခမ်းကျောင်းတိုက်ကြီး၏ ပဓာနနာယက မြို့နယ်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တပညာသာမိက ဩဝါဒကထာ မိန့်ကြားတော်မူပြီး ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် တရားစခန်းနှင့်လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်မှ ဆရာတော်ဦးကောဝိဒ(ပန်းတနော်)နှင့် အရှင်ကေသဝ (ပျော်ဘွယ်)တို့က ယောဂီများလိုက်နာကျင့်သုံးရန် စည်းမျဉ်းများကို ရှင်းလင်းပြကြသည်။

တရားစခန်းသို့ ပန်းတနော်မြို့ပေါ်နှင့် မြို့နယ်တွင်း ဒုလ္လဘရဟန်းအပါး ၁၀၀ နှင့် ရဟန်းသာမဏေ သီလရှင် ယောဂီ ၃၅၀ တို့ ဝင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ဖျော်ရည်များအတွက် စေတနာရှင်များက ငွေကျပ် ၁၃၂၀၀၀၀ တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(က-ပ)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စစ်ဆေးရန်စောင့်ကြပ်

ဧပြီ ၂၀ရက်က ဖော်လူဂျာမြို့ရှိ နေအိမ်များသို့ပြန်လာသည့် အီရတ်တို့အားစစ်ဆေးမှုပြုလုပ်ရန် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စပိန်ကဲ့သို့ ဟွန်ဒူးရပ်စ်တပ်များ ရုပ်သိမ်းမည် ဟွန်ဒူးရပ်စ်သမ္မတ ရီကာဒိုမာဒူရို ပြောကြား

တေဂူစီဂါပါ(ဟွန်ဒူးရပ်စ်) ဧပြီ ၂၀

အမေရိကန်သမ္မတဘုရှ်နှင့် အပေါင်းပါများ၏ တိုက်ခိုက်မှုတွင် ဟွန်ဒူးရပ်စ်နိုင်ငံကလည်း စပိန်နိုင်ငံအတိုင်းလိုက်၍ အီရတ်နိုင်ငံမှနေ၍ ၎င်း၏တပ်ဖွဲ့ဝင်များကိုရုပ်သိမ်းမည်ဖြစ်ကြောင်း တနင်္လာနေ့က ကြေညာလိုက်သည်။

အီရတ်နိုင်ငံမှနေ၍ ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း အပေါင်းပါနိုင်ငံများအား မိမိပြောကြားထားသည်ဟု သမ္မတ ရီကာဒိုမာဒူရိုက ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ပြောကြားသည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားထားသည်။

ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များကိုလွန်ခဲ့သည့် နွေရာသီ၌ အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းသူများအဖြစ်စေလွှတ်ခဲ့ရာ အီရတ်နိုင်ငံအလယ်ပိုင်း၌ မိုင်းရှင်းလင်းရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

စဉ်းစား

ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ သက်တမ်းကုန်ဆုံးမည့် ဇူလိုင်လ၌ အီရတ်မှထွက်ခွာရန် ယခင်ကသတ်မှတ်ထားခဲ့သည်။ တနင်္လာနေ့ အစောပိုင်း၌ ဟွန်ဒူးရပ်စ်နိုင်ငံက အီရတ်တွင် တိုက်ခိုက်မှုအရှိန်မြင့်တက်လာမှုနှင့် စပိန်နိုင်ငံက ယင်း၏တပ်များ ရုပ်သိမ်းရန် ဆုံးဖြတ်သည့် ဖိအားကြောင့် ဟွန်ဒူးရပ်စ်နိုင်ငံကတပ်ဖွဲ့များ ရုပ်သိမ်းရန် စဉ်းစားလျက်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

မေးခွန်းထုတ်

စပိန်နိုင်ငံက ယင်း၏တပ်များကို ရုပ်သိမ်းပြီး ကွန်ဂရက်ခေါင်းဆောင်များက တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးကို စိုးရိမ်ကြောင်းပြောဆိုနေကြသည်ဖြစ်ရာ ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များအား အီရတ်၌မည်သည့်အတွက်ကြောင့် ဆက်လက်ထားရှိမည်နည်းဟု ဟွန်ဒူးရပ်စ်နိုင်ငံသားအများအပြားက မေးခွန်းထုတ်ကြသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေပိုမိုဆိုးရွား ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ သိသိသာသာ ကျဆင်း

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေ ပိုဆိုးရွားလာခြင်းနှင့် အမေရိကန်တပ်များက အဓိကပို့ဆောင်ရေးလမ်းမကြီးများကို ပိတ်ဆို့ထားခြင်းတို့ကြောင့် အီရတ်နိုင်ငံ၏ ကုန်သွယ်ပို့ဆောင်ရေးစနစ် ရပ်တန့်လာလျက်ရှိကြောင်း သဘော်သားများနှင့် ကုန်သည်များက တနင်္လာနေ့၌ ပြောကြားသည်။

အီရတ်နိုင်ငံ၏ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ သိသိသာသာ ကျဆင်းသွားကြောင်း၊ အီရတ်နိုင်ငံသည် စစ်ပြီးကာလ လုယက်ခံရမှုနှင့် ၁၃နှစ်ကြာ စီးပွားရေးပိတ်ဆို့ခံရပြီးနောက် သွင်းကုန်များအပေါ်တွင် ပိုမိုမှီခိုလာရကြောင်း အဆိုပါ ကုန်သည်များက ပြောဆိုသည်။

ဘဂ္ဂဒက်သည် လုံးဝအထီးကျန်ဖြစ်နေကြောင်း ဂျီဇာရီပို့ဆောင်ရေးမန်နေဂျာ မူဆာရှင်အယ်အာဇာဝီက ပြောကြားသည်။

ဆီးရီးယားနှင့် ဂျော်ဒန်သို့သွားသည့် အနောက်ပိုင်းလမ်းမများပေါ်၌ ကုန်တင်ကားများသွားလာမှု လုံးဝရပ်တန့်သွားပြီဖြစ်ကြောင်း၊ အီရတ်တောင်ပိုင်းမှ ဘဂ္ဂဒက်သို့သွားသည့်လမ်းပေါ်ရှိ တံတားတစ်ခုတည်းရှိရာတွင် မကြာသေးမီက စစ်ဖြစ်ပွားပြီး တိုက်ခိုက်ဖောက်ခွဲမှုများကြောင့် ဖြတ်သန်းသွားလာရန် အတော်ခက်ခဲနေပြီဖြစ်ကြောင်း အဆိုပါ အရာရှိက ပြောကြားသည်။ ကုန်တင်ကားအချို့လောက်သာ သွားလာကြရန် ကြိုးစားနေကြောင်း၊ ပြဿနာတစ်ရပ်မှာ အမေရိကန်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ရေးလမ်းကြောင်းနှင့် ခုခံတိုက်ခိုက်မှုများ ရပ်တန့်ရေးပင်ဖြစ်ကြောင်း အာဇာဝီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အီရတ် ရုပ်သံဝန်ထမ်းနှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံတွင် အမေရိကန်တို့ ငွေကြေးအထောက်အပံ့ဖြင့် ထူထောင်ထားသည့် အီရတ်ရုပ်မြင်သံကြားတွင် အလုပ်လုပ်ကိုင်ပေးနေသော သတင်းထောက်တစ်ဦးသည် ၎င်း၏ယာဉ်မောင်းနှင့်အတူ ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားကြောင်း ၎င်းတို့၏လုပ်ဖော်ကိုင်ဘက်များက ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၆၀ အကွာရှိ ဆာမာရာမြို့တွင် ဖြစ်ပွားသည့် အဆိုပါပစ်ခတ်တိုက်ခိုက်မှုတွင် ဓာတ်ပုံဆရာတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ သို့ရာတွင် အမေရိကန်စစ်ဘက်က အဆိုပါသေဆုံးရမှုနှင့်ပတ်သက်၍ သတင်းတစ်စုံတစ်ရာ မရရှိသေးကြောင်း ပြောကြားသည်။

ပစ်ခတ်ခဲ့

အီရတ်ရုပ်မြင်သံကြားမှ သတင်းစာဆရာတစ်ဦးက ပြောကြားရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့၏ကားကို ပစ်ခတ်ခဲ့ကြောင်း ပြောကြားသည်။

ဒူဘိုင်းအခြေစိုက် အယ်အာရေဘီးယား ရုပ်မြင်သံကြားက အဆိုပါသေဆုံးသွားသည့် သတင်းစာသမား၏အမည်မှာ အာဆက်ဒ်ကာသန်ဖြစ်ကြောင်း ကြေညာခဲ့သည်။

တိုက်တွန်း

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုပ်ရပ်နှင့်ပတ်သက်၍ ပြည်တွင်းနှင့် နိုင်ငံတကာ လူထုဆက်သွယ်ရေးအဖွဲ့အစည်းများက ပြစ်တင်ဝေဖန်ခဲ့ပြီး စာနယ်ဇင်းသမားများကို ကာကွယ်မှု ပိုမိုပေးဆောင်ရန် တိုက်တွန်း ပြောကြားလိုက်သည်။

သေဆုံး

အီရတ်စစ်ပွဲ စတင်ခဲ့ချိန်မှစ၍ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အခြား စာနယ်ဇင်းသမားခြောက်ဦးထက်မနည်း သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အုပ်ချုပ်ရေးလွှဲပြောင်းမှု ချောမွေ့စေရန် လုပ်ငန်းဆောင်ရွက်မှု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးချပြ

မော်စကို ဧပြီ ၂၀

အီရတ်ရှိဒေသအာဏာပိုင်အဖွဲ့သို့ အုပ်ချုပ်ရေးလွှဲပြောင်းရာတွင် ပြေပြစ်ချောမွေ့စေရန်အတွက် ကုလသမဂ္ဂဆုံးဖြတ်ချက်နှစ်ခုအပါအဝင် လုပ်ငန်းဆောင်ရွက်ချက်များကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မီချယ်ဘာနီယာက တနင်္လာနေ့၌ အကြမ်းဖျင်း ချပြလိုက်သည်။

သို့ရာတွင် ပြင်သစ်နိုင်ငံ၏ အတည်ပြုချက် သေချာစေရန်အတွက် ဆုံးဖြတ်ချက်များတွင် လိုအပ်ချက် အသေးစိတ်အချို့ကို ဝန်ကြီးဘာနီယာက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်နှင့် ဆွေးနွေးအပြီး၌ ချပြခဲ့သည်။

မူတည်

ဆောင်ရွက်မှုလုပ်ငန်းစဉ်သည် ဇွန် ၃၀ ရက်၌ အမေရိကန်ဦးဆောင်သော အာဏာပိုင်အဖွဲ့ထံမှ အုပ်ချုပ်ရေးလွှဲပြောင်းယူမည့် တရားဝင်အစိုးရပေါ်ထွန်းရေးကို ကုလသမဂ္ဂ အထူးသံတမန်လက်ခ်ဒါဘာရာဟီမီက မည်မျှလုပ်ဆောင်ပေးနိုင်သည် ဆိုသောအချက်ပေါ် မူတည်ကြောင်း ဘာနီယာက ပြောကြားသည်။

ဘာရာဟီမီသည် ဇူလိုင် ၁ ရက်၌ ကြားဖြတ်အစိုးရဖွဲ့စည်းရေးအတွက် အခြေခံကို ပေးမည်ဖြစ်ကြောင်း ဘာနီယာက ပြောကြားသည်။ ကြားဖြတ်အစိုးရသည် အီရတ်နိုင်ငံ၏ မတူညီသော အသိုင်းအဝိုင်းများက လေးစားသော အစိုးရဖြစ်ရမည် ဖြစ်သည်။

ဘာနီယာသည် ဂျာမန်နိုင်ငံခြားရေး ဝန်ကြီး ယော့ရှ်ကာဖစ်ရာနှင့်အတူ ဘာရာဟီမီအား ပါရီမြို့တွင် တနင်္ဂနွေနေ့က တွေ့ဆုံခဲ့သည်။

ပြောကြား

အဓိကလုပ်ငန်းတာဝန်မှာ အီရတ်တို့၏ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုကိုရရှိသော တရားဝင် အစိုးရ ပေါ်ထွန်းရေးပင်ဖြစ်ကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က သတင်းထောက်များကို ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၂၀ ရက်က အီရတ်နိုင်ငံမှ ရုပ်သိမ်းပြီး စပိန်နိုင်ငံ ဘာဒါဂျော့ဇ်မြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် စပိန်တပ်ဖွဲ့ဝင်များ ပျော်ရွှင်မြူးတူးနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်မှရုပ်သိမ်းနေသည့် စပိန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းမပြုရန် အယ်လ်ဆာဒါ ပြောကြား

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်လက်နက်ကိုင်များအနေဖြင့် စပိန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုရပ်တန့်ရန် အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုတာဒါအယ်လ်ဆာဒါက ပြောကြားလိုက်သည်။ အဘယ်ကြောင့်ဆိုသော် အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များမှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းနေသောကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စပိန်တပ်ဖွဲ့ဝင်များ ၎င်းတို့၏နိုင်ငံကိုပြန်နေကြပြီး ၎င်းတို့သည် အီရတ်ပြည်သူများအပေါ် ကျူးကျော်တိုက်ခိုက်မှုကို ဆက်လက် မလုပ်တော့သည့်အချိန်ကစပြီး စပိန်တပ်များအား တိုက်ခိုက်မှုရပ်မည်ဖြစ်ကြောင်း အီရတ်တောင်ပိုင်း နာဂျက်ဖ်မြို့ရှိ အယ်လ်ဆာဒါ၏ရုံးမှ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မကြာမီ သီတင်းပတ်များ၌ နာဂျက်ဖ်မြို့ပတ်ဝန်းကျင်တွင် အခြေစိုက်ထားသော စပိန်တပ်ဖွဲ့များ အပါအဝင် အခြားနိုင်ငံစုံတပ်ဖွဲ့များနှင့် အယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့တို့ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

စပိန်ဝန်ကြီးချုပ် ဂျော့လူစ်ရိုဒရီဂျော့ဇီပါတီရိုက အီရတ်တွင် စပိန်တပ်ဖွဲ့ဝင် ၁၄၀၀ ကို ဖြစ်နိုင်သမျှ မြန်မြန်ရုပ်သိမ်းမည်ဟု တနင်္ဂနွေနေ့၌ ကြေညာခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

စပိန်တပ်ဖွဲ့ဝင်များရုပ်သိမ်းမှု အယ်လ်ဆာဒါ ချီးကျူး အခြားနိုင်ငံခြားတပ်ဖွဲ့များလည်း ရုပ်သိမ်းကြရန်တိုက်တွန်း

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူးပေါလ်ဘရီမာက အီရတ်နိုင်ငံ၏ အနာဂတ်သည် ခြိမ်းခြောက်မှုများ၊ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားလိုက်သည်။ အီရတ်နိုင်ငံ၏လုံခြုံရေးအခြေအနေကို တာဝန်ယူမည့် အီရတ်လုံခြုံရေးတပ်ဖွဲ့များသည်လည်း ဇွန် ၃၀ ရက်တွင် အချုပ်အခြာအာဏာ လွှဲပြောင်းပြီးနောက် အဆင့်သင့်မဖြစ် နိုင်သေးကြောင်းလည်း ဘရီမာက ပြောကြားခဲ့သည်။

ယမန်နေ့က ဘဂ္ဂဒက်ရှိ ဆီဗင် သံရုံးအဆောက်အအုံဟောင်းအား ဒုံးကျည်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ရည်ရွယ်သည့်ပစ်မှတ် ဟုတ်မဟုတ် ရှင်းလင်းစွာ မသိရှိသေးဘဲရှိသည်။ ဤအတောအတွင်း အီရတ်၌တပ်စွဲထားသော စပိန်တပ်ဖွဲ့ဝင်များအား ပြန်လည်ခေါ်ယူလျက်ရှိရာအမေရိကန်တို့က စိုးရိမ်တကြီးစောင့်ကြည့်လျက်ရှိကြသည်။

ဧပြီ ၁၉ရက်က ဖော်လူဂျာမြို့တွင် ပျက်စီးနေသော အဆောက်အအုံ တစ်ခုအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တို့နှင့်အပေါင်းပါ စပိန်တပ်ဖွဲ့များရုပ်သိမ်းမှုကြောင့် အီရတ်ရှိအခြားတပ်ဖွဲ့များအပေါ် ဂယက်ရိုက်နိုင်သည့်အတွက် စိုးရိမ်လျက်ရှိသည့်အပြင် အီရတ်ခေါင်းဆောင်အယ်လ်ဆာဒါအားဖမ်းဆီးရမိရေးအတွက် နာဂျက်ဖ်မြို့ကို ဝန်းရံထားသော အမေရိကန်နှင့် စပိန်တပ်ဖွဲ့ဝင်များအနက် စပိန်တပ်ဖွဲ့ရုတ်တရက် ရုပ်သိမ်းမှုသည် အမေရိကန်တို့၏ အစီအစဉ်အပေါ် သက်ရောက်မှုရှိမည်ကိုလည်း ပူပန်လျက်ရှိသည်။

တိုက်တွန်း

ထို့အပြင် အယ်လ်ဆာဒါ၏ တောင်းဆိုချက်ဖြစ်သော အဓိကမြို့ကြီးများနှင့် လူနေထူထပ်သည့်ဒေသ များရှိ တပ်ဖွဲ့များရုပ်သိမ်းပေးရေးကိုလည်း လိုက်လျောခဲ့သလိုဖြစ်ခဲ့သည်ဟုဆိုသည်။ စပိန်တပ်ဖွဲ့များ ရုပ်သိမ်းမှုအပေါ် အယ်လ်ဆာဒါက ချီးကျူးခဲ့ပြီး အခြားနိုင်ငံများကလည်း စပိန်ကဲ့သို့ လုပ်ဆောင်ကြရန် တိုက်တွန်းခဲ့သည်။

စိုးရိမ်

အီရတ်နိုင်ငံ၌ အမေရိကန်တို့ လေ့ကျင့်ပေးထားသော အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့သို့ သွားရောက်ပြီး တိုက်ပွဲဝင်ရန် ငြင်းပယ်နေကြသကဲ့သို့ အချို့က ဆာဒါ၏တပ်ဖွဲ့များထံသို့ ခိုလှုံသွားကြကြောင်း သိရသည်။ ယင်းအချက်များကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်နိုင်ငံ၌ ဆက်လက်နေထိုင်သွားရမည်ကို စိုးရိမ်ပူပန်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

ဖော်လူဂျာ၌အမေရိကန်တပ်များနှင့်ဖြစ်ပွားသောပဋိပက္ခ

ဒေသခံအီရတ်ပြည်သူများ ရာနှင့်ချီသေဆုံးခဲ့ရ

ဖော်လူဂျာ ဧပြီ၂၀

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် လွန်ခဲ့သောလကစတင်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များဝန်းရံထားချိန်မှစကာ ပဋိပက္ခများဖြစ်ပွားသဖြင့် ဒေသခံအီရတ်များ ရာနှင့်ချီသေဆုံးခဲ့ရာ အများအပြားသည် အရပ်သားများဖြစ်ကြောင်း သိရသည်။

ရက်ပေါင်း အတန်ကြာဖော်လူဂျာမြို့တွင်းရှိ အီရတ်ခေါင်း ဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြောင်း အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့မှ တာဝန်ရှိသူများက ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

အမေရိကန် ကန်ထရိုက်တာ လေးဦးအား လွန်ခဲ့သော ၃၁ရက်က သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက မြို့ကိုဝန်းရံခဲ့ခြင်းဖြစ်ကာ ယင်းဖြစ်ရပ်၌ ပါဝင်သူများ ရှာဖွေရေးကို အီရတ်များထံ တာဝန်ပေးခဲ့ကြောင်း သိရသည်။

သေဆုံးမှုများပြား

ယခုလအတွင်း၌ပင် အီရတ်နိုင်ငံ၌ အမေရိကန် တပ်ဖွဲ့ဝင်တစ်ရာ သေဆုံးခဲ့ရာ အများစုသည် ဖော်လူဂျာမှဖြစ်ကာ အီရတ်နိုင်ငံကို တိုက်ခိုက်ချိန်မှစကာ အသေအပျောက်အများဆုံးလဖြစ်ကြောင်း ပင်တဂွန်က ပြောကြားခဲ့သည်။

စိုးရိမ်နေ

ယခုအခါ အီရတ်နိုင်ငံတွင် ရှိသော အမေရိကန်၏ အပေါင်းအပါ နိုင်ငံများမှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းလျက်ရှိရာ ထိုသို့တပ်ဖွဲ့ဝင်များ ရုပ်သိမ်းနေသည့်အတွက် အမေရိကန်တို့အဖို့ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေလျက်ရှိသည်။

(စီအင်န်အင်န်)

စွမ်းအင်ဖူလုံရေးနှင့် ထောက်ပံ့ဖြန့်ဖြူးရေး အာဆီယံစွမ်းအင်ဝန်ကြီးများ ဆွေးနွေးကြမည်

မနီလာ ဧပြီ ၂၀

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှ စွမ်းအင်ဝန်ကြီးများသည် စွမ်းအင်ကဏ္ဍတွင် စွမ်းအင်ဖြန့်ဖြူးထောက်ပံ့မှုမည်သို့ အာမခံချက်ရှိအောင်ဆောင်ရွက်မည်နှင့် ဒေသ၏စီးပွားရေးအချို့ ပိုမိုထိခိုက်မှုမရှိစေရန်အတွက် ဆွေးနွေးညှိနှိုင်းရန် ဇွန် ၇ရက်မှ ၁၀ရက်အထိ မနီလာမြို့တွင် တွေ့ဆုံမည်ဖြစ်ကြောင်း ဒေသခံသတင်းစာတစ်စောင်က တနင်္လာနေ့တွင် ဖော်ပြသည်။

စွမ်းအင်ဖူလုံရေးနှင့် ရေရှည်အားထားရသော စွမ်းအင်ထောက်ပံ့မှုသည် အာဆီယံစွမ်းအင်ဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာဖြစ်မည်ဟု စွမ်းအင်ဌာနက မနီလာသတင်းစဉ်ကို ပြောသည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲတွင် ရေနံနှင့် လျှပ်စစ်ဓာတ်အား၏ စွမ်းအားကဏ္ဍခွဲများ ဈေးနှုန်းသတ်မှတ်မှုအဓိကပြဿနာထောက်ပံ့ရေး ယုံကြည်မှုများကို ဆွေးနွေးမည်ဖြစ်ကြောင်း စွမ်းအင်ဌာနကပြောသည်။ **(ဆင်ဟွာ)**

ကင်းလှည့်

ဧပြီ ၁၉ ရက်က ကူဖာမြို့ပြင်တွင် စစ်ယာဉ်တစ်စီးနှင့်အတူ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဟားမာ့စ်ခေါင်းဆောင်သစ် ရွေးချယ်ခန့်ထား

ဂါဇာ ဧပြီ ၂၀

စနေနေ့၌အစ္စရေးတို့၏ လုပ်ကြံသတ်ဖြတ်ခံရသော ဟားမာ့စ်ခေါင်းဆောင် အဗ္ဗဒယ်အဇစ်အယ်လ်ရန်တီဆီ၏နေရာတွင် ဟားမာ့စ်ခေါင်းဆောင်သစ်အား တနင်္ဂနွေနေ့က သတ်မှတ်ခန့်ထားလိုက်ကြောင်း ဟားမာ့စ်အဖွဲ့၏ တရားဝင်သတင်းများအရ သိရသည်။

ဟားမာ့စ်ခေါင်းဆောင်သစ်၏ အမည်အားလုံခြုံရေးအရ ထုတ်ဖော်မပြောရန် ဆုံးဖြတ်ထားခဲ့သည်။ တစ်လအတွင်း ဟားမာ့စ် ထိပ်တန်းခေါင်းဆောင်နှစ်ဦး အစ္စရေးတို့၏ လုပ်ကြံသတ်ဖြတ်ခံရသောကြောင့် ယခုကဲ့သို့လျှို့ဝှက်ထားရန် ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောဆိုသည်။

ဟာ့မာ့စ်အဖွဲ့အတွက် ခေါင်းဆောင်သစ်အားရွေးချယ်ထားပြီးဖြစ်ကြောင်း အစ္စရေးတို့၏ ပစ်မှတ်ထားတိုက်ခိုက်မှုမှ ကာကွယ်သည့်အနေဖြင့်၎င်းအမည်အားထုတ်ဖော်ပြောဆိုခြင်းကို ထိပ်တန်းလျှို့ဝှက်အဖြစ်ထားရှိမှာဖြစ်ကြောင်း ဟားမာ့စ်အဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဟားမာ့စ် ခေါင်းဆောင်အား သတ်ဖြတ်မှု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပြစ်တင်ရှုတ်ချ

ကုလသမဂ္ဂ ဧပြီ ၁၉

ဟားမာ့စ်ခေါင်းဆောင် အဗ္ဗဒယ်အဇစ်အယ်လ်ရန်တီဆီအား အစ္စရေးက စနေနေ့၌ သတ်ဖြတ်ခဲ့ခြင်းကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြစ်တင်ရှုတ်ချလိုက်သည်။

တိုက်ခိုက်နိုင်

ယင်းသို့အစ္စရေး၏လုပ်ဆောင်ချက်သည် အရှေ့အလယ်ပိုင်း၌ ပိုမို၍ တိုက်ခိုက်မှုဖြစ်လာနိုင်ကြောင်း ကိုဖီအာနန်က ပြောဆိုသည်။

ရန်တီဆီသည် ဂါဇာကမ်းမြောင်တွင် အစ္စရေးရဟတ်ယာဉ်များက သူ၏ကားအား ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ရာတွင် သေဆုံးခဲ့ရသည်။

ခြိမ်းခြောက်

ဟားမာ့စ်တို့က အကြိမ် ၁၀၀ တုံ့ပြန် လက်စားချေတိုက်ခိုက်သွားမည်ဟု ခြိမ်းခြောက်ထားသည်။ အရှေ့အလယ်ပိုင်းဒေသ၌ အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ပြဿနာသည်ဒေသအတွင်း တည်ငြိမ်မှုကို ထိခိုက်လာစေနိုင်ကြောင်း နိုင်ငံရေးသုံးသပ်သူများက ဝေဖန်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်ပြောက်ကျားများ၏ခြိမ်းခြောက်မှုအနေအထားကြောင့် ကန်တို့လေ့ကျင့်ပေးထားသောအီရတ်တပ်ဖွဲ့ဝင်များ နုတ်ထွက်မှုများလာ

ဘဂ္ဂဒက် ဧပြီ ၂၀

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်တို့အား ဇွန် ၃၀ ရက်တွင် အုပ်ချုပ်ရေးလွှဲပြောင်းပေးပြီးသည့်အခါ အီရတ်ပြောက်ကျားများ၏ ခြိမ်းခြောက်မှုအနေအထားကို အီရတ်တပ်ဖွဲ့တစ်ဖွဲ့တည်းဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်း အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၏ တနင်္ဂနွေနေ့ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သောနှစ်ပတ်အတွင်းက အီရတ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများနှင့်ပြန်ပေးဆွဲမှုများ တိုးပွားလာနေခြင်းသည် အီရတ်တွင်အန္တရာယ်ရှိနေသည်ကို ဖော်ပြနေကြောင်း ပေါလ်ဘရီမာက ဆိုသည်။

လိုအပ်

အီရတ်တပ်ဖွဲ့နှင့် အမေရိကန်အပါအဝင် နိုင်ငံပေါင်းစုံတပ်များ ပူးပေါင်း၍ အီရတ်နိုင်ငံအတွင်း လုံခြုံရေးကိုပူးပေါင်းရန် လိုအပ်လိမ့်မည်ဖြစ်သည်ဟု ၎င်းကပြောဆိုသည်။

အမေရိကန်လေ့ကျင့်ပေးခဲ့သော အီရတ်လူမျိုး လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်သိန်းကျော်သည် ရဲတပ်ဖွဲ့၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ နယ်စပ်လုံခြုံရေးကင်းလှည့်အဖွဲ့နှင့် အီရတ်တပ်မတော်တို့တွင် ဝင်ရောက် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ငြင်းဆို

အီရတ်တပ်မတော်ကို ပြန်လည်ထူထောင်ရာတွင် ပြဿနာပေါင်းစုံနှင့် ကြုံတွေ့ခဲ့ရသည့် ပြန်လည်ထူထောင်ပေးခဲ့သော အီရတ်တပ်ရင်းများမှ တပ်ဖွဲ့ဝင်အများအပြားသည် ပြောက်ကျားတို့ခြိမ်းခြောက်မှုအနေအထားကြောင့် နုတ်ထွက်သွားခဲ့ကြသည်။ ယခုလတွင် ဖော်လူဂျာမြို့၌ဖြစ်ပွားသော တိုက်ပွဲများသို့ သွားရောက်တိုက်ခိုက်ရန်စေလွှတ်သောအခါ၌လည်း အီရတ်တပ်ဖွဲ့ဝင်အတော်များများက ငြင်းဆိုခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်မှစပိန်တပ်များရုပ်သိမ်းမှု ဥရောပကော်မရှင်ဥက္ကဋ္ဌထောက်ခံ

ရောမ ဧပြီ ၂၀

အီရတ်နိုင်ငံမှနေ၍ စပိန်တပ်ဖွဲ့ဝင်များရုပ်သိမ်းမှုကို ထောက်ခံကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့် အီတလီ အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သူ ရိုမာနိုပရော့ဒ်ဒီက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ဖိအားပေး

စပိန်တပ်ဖွဲ့ဝင်များကို အီရတ်မှရုပ်သိမ်းရန် ဆောင်ရွက်မှုသည် အီရတ်အရေးကိစ္စကို နိုင်ငံတကာအသိုင်းအဝိုင်းက ဖြေရှင်းရန် ဖိအားပေးခြင်းပင်ဖြစ်သည်ဟု ဗဟိုလက်ဝဲ မဟာမိတ်များအစည်းအဝေး၌ ပရော့ဒ်ဒီက ပြောကြားသည်။

ဤဆုံးဖြတ်ချက်သည် မိမိတို့၏ သဘောထားရပ်တည်ချက်အတိုင်းပင်ဖြစ်ကြောင်း ပရော့ဒ်ဒီက ပြောကြားသည်။ ပရော့ဒ်ဒီ၏ သုံးသပ်ချက်သည် ကော်မရှင်၏သဘောထားနှင့် တူမျှမှုရှိမရှိမေးမြန်းရာ၌ အီးယူကော်မရှင် ပြောခွင့်ရှိသူက ဘာရပ်ဆယ်၌ သတိထားပြီးတုံ့ပြန်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ကင်းလှည့်

ဧပြီ ၂၀ ရက်က မိုဆူးလ်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ပျောက်ဆုံးနေသော ကနေဒါနိုင်ငံသား ၁၁ ရက်ကြာပြီဟု တာဝန်ရှိသူများပြောကြား

အော့တဝါ ဧပြီ ၂၀

အီရတ်နိုင်ငံတွင် ကနေဒါနိုင်ငံသားတစ်ဦးပျောက်ဆုံးနေသည်မှာ ၁၁ ရက်မျှရှိပြီဖြစ်သော်လည်း ၎င်းသည် ပြန်ပေးဆွဲခံရခြင်းဟုတ်မဟုတ် အတိအကျမသိရကြောင်း တာဝန်ရှိသူများက တနင်္လာနေ့၌ ပြောကြားသည်။

စစ်ဆေးနေ

မိုဟာမက်ရီဖက် (၄၁)နှစ်သည် ဘဂ္ဂဒက်နှင့် အဘူဂါရိပ်ကြားတစ်နေရာတွင် ဧပြီ ၈ ရက်၌ ပျောက်ဆုံးသွားခဲ့သည်ဟု ထိုတာဝန်ရှိသူများက ပြောကြားသည်။ သူရှိမည့်နေရာကို ဖော်ပြသော သတင်းတစ်စုံတစ်ရာကို မိမိတို့ စစ်ဆေးနေကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

အဆက်အသွယ်ရှိ

အီရတ်နိုင်ငံ၌ မွေးဖွားသောရီဖက် မည်သည့်အလုပ်လုပ်ကိုင်သည်ဆိုခြင်းကိုမူ ထိုအရာရှိက ငြင်းဆိုသော်လည်း သူသည် အဘူဂါရိပ်ရှိ အကျဉ်းထောင်နှင့် အဆက်အသွယ်ရှိခဲ့ဖူးကြောင်း ပြောဆိုသည်။

အဖမ်းခံရ

ရီဖက်ပျောက်ဆုံးသောနေ့၌ပင် ကနေဒါလူသားချင်းစာနာမှု အလုပ်သမား ဖာဒီဖာဒယ်လ်သည်လည်း အီရတ်၌ ဓားစာခံအဖြစ် အဖမ်းခံခဲ့ရပြီး လွန်ခဲ့သည့်သောကြာနေ့က ပြန်လွတ်လာခဲ့သည်။
အမ်အင်အေ၊ရိုက်တာ

ဘော်စတွန်မာရသွန်

ဧပြီ ၁၉ ရက်က (၁၀၈)ကြိမ်မြောက် ဘော်စတွန်မာရသွန်ပြိုင်ပွဲကျင်းပရာ အမေရိကန်နိုင်ငံ ဟုပ်ကင်တန်မြို့မှ ဘော်စတွန်မြို့သို့ မာရသွန်အပြေးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင်များနှင့်ဖော်လူဂျာခေါင်းဆောင်များ အပစ်အခတ်ရပ်စဲရေးသဘောတူ

ဘဂ္ဂဒက် ဧပြီ ၂၀

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဖော်လူဂျာမြို့အုပ်ချုပ်ရေးခေါင်းဆောင်များအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း အမေရိကန်ဦးဆောင်သည့် ကြားဖြတ်အုပ်ချုပ်မှုကောင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါသဘောတူညီချက်ကို ယမန်နေ့ကရရှိခဲ့ခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဒေသခံကိုယ်စားလှယ်များအကြား တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဒေသခံ ခုခံတိုက်ခိုက်ရေးသမားများအကြား ပြင်းထန်သောတိုက်ပွဲများ ယခုလအစောပိုင်းက စတင်ဖြစ်ပွားခဲ့သည်။ ဒေသခံခုခံတိုက်ခိုက်ရေးသမားများနှင့် လက်နက်ကိုင်အုပ်စုများကို လက်နက်ချရန်တိုက်တွန်းထားသည့် ကြေညာချက်တစ်စောင်ကိုထုတ်ပြန်ထားသည်။ အဆိုပါ ကြေညာချက်ကို လက်ခံပါက အမေရိကန်တပ်ဖွဲ့ဝင်များက မြို့တွင်းရှိ ခုခံတိုက်ခိုက်ရေးသမားများကို ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်မည်မဟုတ်ကြောင်း အမေရိကန်ဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ သို့ရာတွင် မြို့တွင်းရှိ ခုခံတိုက်ခိုက်ရေးသမားများက လက်နက်ချရန် ငြင်းဆန်လျက်ရှိပြီး အခြေအနေသည် တင်းမာလျက်ပင်ရှိသေးကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အမေရိကန်ဦးဆောင်တိုက်ခိုက်ခဲ့သော အီရတ်စစ်ပွဲအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် စပိန်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းလျက်ရှိကြောင်း သိရသည်။ **(အင်အိပ်ချ်ကေ)**

ဖူးကက်အပန်းဖြေကျွန်း ပိုမိုဖွံ့ဖြိုးရေးဆောင်ရွက်မည်

ဗန်ကောက် ဧပြီ ၂၀

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဖူးကက်အပန်းဖြေကျွန်း၏ အာဏာပိုင်များသည် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုစိတ်ဝင်စားမှုရှိစေပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရုတ်ပြည်ရှန်ဟဲမြို့မှအတွေ့အကြုံနှင့် ကျွမ်းကျင်သူများအား ငှားရမ်းရန် မျှော်လင့်ထားကြောင်း ထိုင်းသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါဖူးကက်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှန်ဟဲမြို့အစီအစဉ်အတိုင်း ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဖူးကက်ဒုတိယမြို့တော်ဝန် ဝီနိုင်ဘူအပရာဒစ်က ပြောသည်။ **(ဆင်ဟွာ)**

ဖူးမြော်ကြည်ညို

မေ ၁၈ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များ ကျောက်တော်မြို့နယ် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားများအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်း–၉) (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

*** ကျောဖုံးမှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အားရှေးဟောင်းသုတေသနဦးစီးဌာန (မြောက်ဦး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးလွင်က ကိုးသောင်းပုထိုးတော်ကြီး ဘက်စုံပြုပြင်ရေး လုပ်ငန်းစီမံချက် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်ကိုးသောင်းပုထိုးတော်ကြီး လိုဏ်ပတ်လမ်းအတွင်း မြောက်ဦးခေတ်ရှေးဟောင်းယဉ်ကျေးမှု အနုလက်ရာများကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ကိုးသောင်းပုထိုးတော်ကြီးသည် မြောက်ဦးခေတ် မင်းဗာကြီး၏ သားတော် မင်းဒိုက္ကာ (မင်းတိက္ခာ)က ခရစ်သက္ကရာဇ် ၁၅၅၃ ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ ပုထိုးတော်ကြီး၏ အလယ်တည့်တည့်၌ ထူပါရုံစေတီတော်ကြီးတစ်ဆူ ရှိပြီး စေတီရင်ပြင်လက်ဝဲဘက်နှင့်လက်ယာဘက်၌လိုဏ်ဂူအဝင်လမ်း၊အထွက်လမ်းများရှိသည်။ ပုထိုးတော်ကြီး၌ ပစ္စယာအဆင့်ငါးဆင့်ရှိပြီး စေတီရံ ၁၂၄၁ ဆူနှင့် မြောက်ဦးခေတ် အနုလက်ရာ ပုထိုးတော်ကြီးတစ်ဆူဖြစ်သည်။ ပုထိုးတော်ကြီးဘက်စုံပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဖြစ်ရာ စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်သျှစ်သောင်းပုထိုးတော်ကြီးသို့ ရောက်ရှိကြရာ မြောက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊တိုင်းမှူးဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များသည် သျှစ်သောင်းပုထိုးတော်ကြီးအတွင်းရှိဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ရေချမ်းနှင့်ဆီမီးများ ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့်အဖွဲ့ဝင်များသည်သျှစ်သောင်းပုထိုးတော်ကြီးလိုဏ်ပတ်လမ်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအားလည်းကောင်း၊ မြောက်ဦး ခေတ်အနုလက်ရာ ကျောက်ဆစ် ရုပ်လုံးရုပ်ကြွများကိုလည်းကောင်း လှည့်လည်ကြည်ညိုကြသည်။

ထိုမှတဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ရန်ကုန်–စစ်တွေလမ်းပိုင်း၊ မြောက်ဦးမှ မင်းပြားလမ်းအပိုင်းရှိ တံတားများနှင့်လမ်းများ အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မင်းပြားမြို့နယ် ကမ်းနီကျေးရွာအနီးရှိ ကြက်တက်ချောင်း ရေလှောင်တမံလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား ရခိုင်ပြည်နယ် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးမျိုးမြင့်က ကြက်တက်ချောင်းရေလှောင်တမံလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံ ရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကြက်တက်ချောင်းရေလှောင်တမံသည် မင်းပြားမြို့နယ် ကမ်းနီကျေးရွာအရှေ့ဘက်လေးမိုင်အကွာရှိ ကြက်တက်ချောင်း၌ တည်ဆောက်ထားခြင်းဖြစ်သည်။ ရေဆင်းဧရိယာမှာ ဒသမ၃ မိုင် ဧက ၁၉၀နှင့် တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၃၈ ပေ၊ တမံအလျား ပေ ၄၂၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၄၂ ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၃၀ ဖြစ်သည်။ ကမ်းနီရွာ အနီးဒေသများကို သောက်သုံးရေပေးဝေနိုင်ရန်အတွက် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် နယ်မြေခံတပ်နယ်သို့သွားရောက်ကြပြီးနယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိသားစုဝင်ငွေတိုးတက်ရေးအတွက် တစ်ပိုင် တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေး၊ မိသားစုဝင်တိုင်း၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို ဆောင်ရွက်ပေးရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ကြရာ ရန်ကုန်–စစ်တွေ လမ်းအပိုင်း(၂) ယောချောင်း–မြောင်းဘွေလမ်းအပိုင်းတည်ဆောက်ရေးစီမံကိန်းရုံးသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရုံးရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့အား ရန်ကုန်–စစ်တွေ လမ်းအပိုင်း(၂) ယောချောင်း–မြောင်းဘွေလမ်းအပိုင်း အင်ဂျင်နီယာမှူး ဦးမောင်မောင်ဆယ်က လမ်းပိုင်းရှိ သစ်သားတံတားများနေရာ၌ကွန်ကရစ်တံတားများအစားထိုးတည်ဆောက်မှု အခြေအနေ၊ လမ်းပိုင်း၌ လမ်းပေါက်ဖာထေးခြင်း၊ လှိုင်းဖြေခြင်း၊ ရေလွှာပိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် လမ်းတစ်လျှောက်တံတားများနှင့် လမ်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၆ နာရီခွဲတွင် အမ်းမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D)၏ မွေးနေ့အလှူတော်မင်္ဂလာနှင့် တိပိဋကဓရစာမေးပွဲအောင် အရှင်မြတ်များအား ဂုဏ်ပူဇော်မင်္ဂလာ အခမ်းအနားကျင်းပမည်

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D)၏ မွေးနေ့အလှူတော်မင်္ဂလာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်အပ်သော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရဆရာတော်၏ ဆရာသမားဖြစ်တော်မူသော စစ်ကိုင်းတောင်ရိုး ရတနာစုဝံနှင့် သဇ္ဇနောဒယချောင် ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တသဇ္ဇနာဘိဝံသ "အဘိဓဇမဟာ ရဋ္ဌဂုရု"ဂုဏ်ဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ၁၃၆၅ ခုနှစ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်ပန်းဆင်ခဲ့ကြသော အရှင်ဝေပုလ္လာလင်္ကာရ၊ အရှင်ဝိသိဋ္ဌာလင်္ကာရ၊ အရှင်ဩဘာသာလင်္ကာရနှင့် အရှင်သုဇာတာလင်္ကာရ စာချဘွဲ့ကြီးများအား ဂုဏ်ပူဇာ မင်္ဂလာများကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၆ ရက်(မေ ၂၄ ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရေကူး၊ ကမ္ဘာအေးအရှေ့ဝါယာလက် ၂ လမ်း၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် သိရီမင်္ဂလာ အနန္တဂုဏ်ရည်ငါးထပ်ကျောင်းတော်ကြီး ဖုန်း–၆၆၁၄၆၇၊ ၆၅၀၃၁၃ ၌ ပူးတွဲကျင်းပမည်ဖြစ်ရာ တပည့်ရဟန်းများ၊ ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော်အားပေးချီးမြှောက်နိုင်ကြောင်း အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

မေ ၂၁ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီးတို့ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီး၏ မွေးနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန် နိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲနှင့် အသင်းလိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ ၂၅ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ တင်းနစ်ကလပ်များနှင့် တင်းနစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားထားသည်။

ပြိုင်ပွဲအမျိုးအစားမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက် ၅၅နှစ်နှင့် ၆၀အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀နှစ်၊ ၁၂နှစ်၊ ၁၄ နှစ်၊ ၁၆နှစ်နှင့်အောက် လူငယ်တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်လိုသော ကလပ်အသင်းများ၊ တင်းနစ်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၀၁–၃၇၂၃၆၀၊ ၃၈၁၉၈၁ နှင့် ဖက်စ်–၃၈၁၉၈၂သို့ မေ ၂၄ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆိပ်ကြီးခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ ရောက်ရှိပြီး ဆိပ်ကမ်းယာဉ်အတက်အဆင်းလမ်း တည်ဆောက်ထားရှိမှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ရေဂါလန် ၁၆၀၀ ဆံ့ရေသယ်ယာဉ်ဖြင့် ရပ်ကွက်များ၌ သောက်သုံးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ သောက်သုံးရေဖြည့်တင်းပေးဝေရာတွင် အလေအလွင့်မရှိစေအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် ခနောင်တိုအရှေ့ရပ်ကွက်အတွင်း သောက်သုံးရေကန်သစ် တူးဖော်မည့် မြေနေရာနှင့် သောက်သုံးရေဖြည့်တင်းပေးဝေမည့် သတ်မှတ်နေရာကို လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

တွေ့ဆုံ နှုတ်ဆက်

ဧပြီ ၂၁ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်. ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ် ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး **H.E. Mr.Li Jinjun** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံ တွေ့ဆုံ နှုတ်ဆက်စဉ်။

(သတင်း–ရွှေ့ဖုံး)

(သတင်းစဉ်)

❁ သွင်းကုန်အစားထိုးမှု

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဒုတိယဝန်ကြီးများ၊ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်မှုလက်မှု ကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မော်တော်ယာဉ်များထုတ်လုပ်မှု

အစီအစဉ်အရ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးအမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဝင်းနှင့်တွဲဖက်အတွင်းရေးမှူး အမှတ် (၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်တို့ ကစက်မှုဇုန်များ၏ဘတ်စ်ကားနှင့်ကုန်တင်ကားတိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စက်မှုဇုန်အလိုက်ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်စက်မှုလုပ်ငန်းရှင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများကစက်မှုဇုန်များ၏မော်တော်ကားထုတ်လုပ်မှုအခြေအနေ၊ လက်တွန်းထွန်စက်အပါအဝင်လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်မှုအခြေအနေ၊ ပိုမိုအရည်အသွေးကောင်းမွန်သော စက်ပစ္စည်းများထုတ်လုပ်ရာ၌ တွေ့ကြုံရသောအခြေအနေ၊ နယ်မြေဒေသ ပထဝီမြေအနေအထားမတူညီမှုများအပေါ်မှီ၍ ဈေးကွက်ကြိုက်ပစ္စည်းထုတ်လုပ်သွားနိုင်အောင် ကြိုးပမ်းလျက်ရှိသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ပံ့ပိုးပေးမည်

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရန်ကုန်မြို့သို့ စုစည်းရောက်ရှိစဉ် စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် စက်မှုဇုန်ကိုယ်စားလှယ်များက နိုင်ငံတော်က အလေးထားသော လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ စက်မှုသုံးစက်ကိရိယာထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများကို စက်မှုဇုန်များ၌ တောင့်တောင့်တင်းတင်း ခိုင်မာစွာဖြစ်ပေါ်ရေး၊ ဈေးကွက်ဝင်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အထောက်အကူပြုသော စက်ပစ္စည်းများထုတ်လုပ်ရေးတို့နှင့်စပ်လျဉ်း၍ အဖြေရှာဆွေးနွေးစေလိုကြောင်း၊ နိုင်ငံတော်အပိုင်းက ကူညီနိုင်၊ ပံ့ပိုးနိုင်သည်များကို အစွမ်းကုန်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းမှာကြားပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဝန်ကြီးဦးအောင်သောင်းနှင့် ဝန်ကြီးဗိုလ်ချုပ်စောလွင်တို့က နိုင်ငံတော်အပိုင်းနှင့် ဝန်ကြီးဌာနအပိုင်းတို့က ပုဂ္ဂလိကစက်မှုကဏ္ဍမြင့်တင်ရေးအတွက် လက်တွေ့ကျကျ ပူးပေါင်း အကူအညီပေးလိုသည်မှာ အမှန်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များကလည်း စက်မှုဇုန်အလိုက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သော စက်မှုလုပ်ငန်းကို အင်အားရှိရှိ ယှဉ်ဆောင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး ကြစေလိုကြောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင်ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သန်လျင်ဆုထူးပန်ဓမ္မရိပ်သာသို့ ထာဝရငွေပဒေသာပင် ကျပ် ၂၁သိန်းလှူဒါန်း

ရန်ကုန် ဧပြီ ၂၁

သန်လျင်မြို့ အောင်ချမ်းသာ(၃)ရပ်ကွက် ဆုထူးပန်ဓမ္မရိပ်သာကျောင်းအတွက် ထာဝရငွေပဒေသာပင် လှူဒါန်းပွဲကို ဧပြီ၆ရက်က အဆိုပါကျောင်းတိုက်၏ အတုလဂုဏ်ရည်သိမ်ကျောင်းဓမ္မာရုံ အပေါ်ထပ်၌ ကျင်းပရာ ဆုထူးပန်ကျောင်းတိုက်များ၏ ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆုထူးပန် ဆရာတော် ဘဒ္ဒန္တသလ္လာပဏ္ဍိတ မဟာစည် နယ်လုည့်ဓမ္မကထိက အစိုးရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကဝိန္ဒနှင့် သံဃာတော် အရှင်သူမြတ်များ၊ အလှူရှင်များ ကြွရောက်တော်မူကြပြီး ဦးဘိုးစိန်–ဒေါ်ကျင်ဟွာ မိသားစု၊ ဦးထွန်းအုပ်–ဒေါ်တင်မြိုင် မိသားစု၊ ကိုစိုးလွင် – မမြမြမြိုင် မိသားစု၊ ကိုအောင်ကိုလတ်–မသန်းသန်းမြင့် မိသားစု၊ ဦးကျော်ခင်–ဒေါ်ရှုခင် မိသားစု၊ ဦးအေးမောင်–ဒေါ်ရန်လှ မိသားစု၊ ဦးဝင်းကြည်–ဒေါ်ကျင်စု မိသားစုတို့က ထာဝရငွေပဒေသာပင်အတွက် ငွေကျပ်၂၁သိန်းကို လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။ (က–ပ)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရခိုင်ပြည်နယ်လမ်း၊ တံတားများစစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် တောင်ကုတ်–သံတွဲလမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်ကုတ်–မအီလမ်းကို ဆက်လက်စစ်ဆေးပြီး ဝန်ကြီးက တောင်ကုတ်–မအီ လမ်းသည်ရန်ကုန်–ပြည်–တောင်ကုတ်–မအီ–ကျောက်ဖြူလမ်း၏ အဓိကကျသည့် လမ်းအပိုင်းတစ်ပိုင်းအနေဖြင့် ပါဝင်သည့် အလျှောက် လမ်းမကြီးများ၏ အင်္ဂါရပ်နှင့် ကိုက်ညီသည့် လမ်းဖြစ်အောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–စစ်တွေလမ်း (တောင်ကုတ်–မအီ) အပိုင်းရှိ ဆားပြင်ရွာ ရှောင်ကွင်းလမ်းမြေကြီးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆားပြင်တံတားတည်ဆောက်မည့် နေရာကို လည်းကောင်း၊ လမူးတံတားတည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ရန်ကုန်–ကျောက်ဖြူလမ်း (မအီ– ကျောက်ဖြူအပိုင်း)ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်က Geotextile နည်းအသုံးပြုပြီး လမ်းဖောက်လုပ်ထားမှုအခြေအနေ၊ မိုးရာသီခရီးလမ်းမပြတ်စေရေးအတွက် အမာခံကျောက်ခင်းရန် ကြိုတင်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မအီ–ကျောက်ဖြူလမ်းရေရှည်တည်တံ့ရေးအတွက် တာဝန်ခံအင်ဂျင်နီယာများက အနီးကပ်ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လုံးတော်ပေါက်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့်သံသမကြီးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်တို့သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်း များကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်အဖွဲ့ဝင်များသည် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ် များဖြင့် အမ်း–ပဒဲကြောလမ်းအပိုင်း မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ သစ်သား တံတားငယ်များ တည်ဆောက်သည့် လုပ်ငန်းများနှင့် အမာခံကျောက်ခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အဆိုပါ လမ်းပေါ်ရှိ ထန်းချောင်းတံတား တည်ဆောက်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ မင်းဘူး–အမ်းလမ်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက မိုးရာသီရောက် တော့မည်ဖြစ်သည့်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်း များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် တောင်ပေါ်လမ်းဖြစ်သည့်အတွက် ရေစီးရေလာ ကောင်းမွန်အောင် လမ်းဘေး ရေမြောင်း၊ ဖြတ်မြောင်းများကို ဂရုတစိုက် ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ထောက်မန်နေဂျာအဆင့် လုပ်ငန်းဆိုင်ရာနှင့်အလုပ်ဝင်သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လက်ထောက်မန်နေဂျာအဆင့် လုပ်ငန်းဆိုင်ရာနှင့် အလုပ်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲကို ဧပြီ၂၀ရက်က မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် လသာလမ်း(ရုံးချုပ်) သင်တန်းခန်းမ၌ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရုံးချုပ်ဌာန အသီးသီးမှ အကြီးအကဲများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဦးဆောင် ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။ (က–ပ)

အထပ်မြင့်တိုက်၌မီးလောင်လျှင်

* ခုန်မချပါနှင့်၊

* မကြောက်ပါနှင့်၊

* စိတ်ငြိမ်ငြိမ်ထားပါ၊

* အချိန်မီ မီးသတ်သို့ အကြောင်းကြားပါ။

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရခိုင်ပြည်နယ်ရှိ လုံးတော်ပေါက်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်ဆောင်ရွက် ဒေသနှင့်ကိုက်ညီသည့်အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုး

စီးပွားကူးသန်း ရွှေသို့လှမ်း

ရန်ကုန် ဧပြီ ၂၁

ရခိုင်ပြည်နယ် စစ်တွေမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်တို့လိုက်ပါလျက် ဧပြီ၁၈ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်-စစ်တွေ လမ်းမကြီး၊ စစ်တွေ-ပုဏ္ဏားကျွန်း လမ်းအပိုင်းရှိ လမ်း၊ တံတား အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ရာ နံနက် ၈ နာရီခွဲတွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပုဏ္ဏားကျွန်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဦးရာဇမင်္ဂလာခန်းမ၌ ပုဏ္ဏားကျွန်းမြို့ပေါ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

အဓိကသီးနှံ

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်က သတ်မှတ်ထားသော အဓိကသီးနှံ ၁၀ မျိုးအပြင် ဒေသနှင့် ကိုက်ညီသော သီးနှံများဖြစ်သည့် ဗိုလ်ကိတ်ပဲနှင့် ဆီမုန်ညင်းများကို တိုးချဲ့စိုက်ပျိုးသွားရေး၊ နွေစပါးစိုက်ပျိုးရန် မဖြစ်နိုင်သော ဒေသများ၌ စိုက်ပျိုးရန်ဖြစ်ထွန်းနိုင်သည့် ပဲ အမျိုးမျိုးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ မြို့နယ်၏ ရေတ်ကောင်း စိုက်ပျိုးရန် သတ်မှတ်ပေးထားသည့် အတိုင်း အောင်မြင်စွာဖြင့် ရှင်သန်ဖြစ်ထွန်းအောင် ဂရုတစိုက်ကြိုးပမ်း စိုက်ပျိုးသွားကြရေးနှင့် မြို့နယ်၏ ဖွံ့ဖြိုး တိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းရှာကြံပြီး ဌာနဆိုင်ရာ အချင်းချင်း ပူးပေါင်း၍ ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးလိုက်ပါလျက် ပုဏ္ဏားကျွန်းမြို့နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံပွဲတွင်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်ဖွဲ့ဝင်မိသားစုများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်ကဖြည့် ဆည်းဆောင်ရွက်ပေးရေး၊ မိသားစုဝင်ငွေ တိုးတက်ရာ တိုးတက်အောင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားကြရေး အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့အထွက်ရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ရေတ်ကောင်းမျိုးပြန့်ပွားရေး နှင့် ပညာပေးရေးစံပြခြံသို့ ရောက်ရှိကြသည်။

စိုက်ပျိုးနည်းစနစ်

ယင်းနောက် ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးကြည်ဟန်က စံပြခြံတွင် မြေဧရိယာဖော်ထုတ်မှု၊ မျိုးစေ့များ ပျိုးထောင်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးနည်းစနစ်အမျိုးမျိုးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရခိုင်ပြည်နယ်ကို ရေတ်ကောင်းအများဆုံးစိုက်ပျိုးသော ပြည်နယ်ဖြစ်သည်အထိ အောင်မြင်ဖြစ်ထွန်းအောင်ပြန့်ပွားစိုက်ပျိုးသွားကြရေး၊ နည်းပညာဖြင့် စနစ်တကျပညာပေး ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်ရေတ်ကောင်း ပျိုးခင်းကိုလည်းကောင်း၊ရေတ်ကောင်း ပင်များမျိုးပွားထားရှိမှုကိုလည်းကောင်း၊ အောင်မြင်ဖြစ်ထွန်း နေပြီဖြစ်သော ရေတ်ကောင်းပင်ငယ်များကို လည်း ကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပုဏ္ဏားကျွန်းရှိ ရေတ်ကောင်းမျိုးပြန့်ပွားရေးနှင့် ပညာပေး ရေးစံပြခြံသည် မြေဧရိယာ ၁၀ ဒသမ ၆၄ ဧကကျယ်ဝန်းပြီး ရေတ်ကောင်း အစေ့မျိုးနှစ်သိန်းနှင့် ကိုင်းမျိုးနှစ်သိန်း စုစုပေါင်းလေးသိန်း ပျိုးထောင်လျက် ရှိသည်။မြေဧရိယာ ၆ ဒသမ ၀၄ ဧက၌ တွယ်ပင်စနစ် ၄၃၂၅ ပင်၊ တိုင်ထောင် စနစ် အပင် ၃၂၄၀၊ အုတ်ပုံစနစ် ၁၄၄ ပင်နှင့် မြေပုံစနစ် ၁၄၄ ပင် စိုက်ပျိုးပြီးကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ပုဏ္ဏား ကျွန်းမြို့နယ် ဘဲငါးရာ တောင်ခြေရှိ လယ်ဧက၁၀၀၀ဖော်ထုတ်ရေးစီမံကိန်း သို့ ရောက်ရှိကြသည်။

မြေယာဖော်ထုတ်မှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့အား စီမံကိန်း ယာယီ ရှင်းလင်းဆောင်၌ စစ်တွေ တပ်နယ်မှ ဗိုလ်မှူးကြီး သန်းထွန်း အောင်က ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကွင်း၁၁ ကွင်း၌ စက်ယန္တရားများ ဖြင့် မြေယာဖော်ထုတ်နေမှု အခြေ အနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်း တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော် ယာဉ်များဖြင့်ပုဏ္ဏားကျွန်းကျောက်တော် ကားလမ်းအခြေအနေနှင့် လမ်းပိုင်းရှိ တံတားများကို ဖြတ်သန်းကြည့်ရှုပြီး ဆက်လက် ထွက်ခွာခဲ့ရာ ညနေ ၄ နာရီတွင် ကျောက်တော်မြို့ မဟာမုနိ ဘုရားကြီးသို့ ရောက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော် ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ ခဲ့ရာ မြောက်ဦးရှေးဟောင်း ယဉ် ကျေးမှု နယ်မြေရှိ ဝေသာလီ ဆုတောင်းပြည့် ဘုရားကြီးသို့ ရောက်ရှိ ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အားရှေးဟောင်း သုတေသန ဦးစီးဌာန(မြောက်ဦး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦး လွင်က ဝေသာလီဆုတောင်းပြည့် ဘုရားသမိုင်း အကြောင်းကို ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင် သန်းက ဘက်စုံပြုပြင်ရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။အဆိုပါ ဝေသာလီဆုတောင်းပြည့်ဘုရားသည် ဝေသာလီမြို့တော်ကို တည်ထောင်ခဲ့ သည့် မဟာတိုင်းစန္ဒြားမင်းကြီးနှင့် မိဖုရားခေါင်ကြီး သုပဘာဒေဝီတို့က အေဒီ(၃၂၇)ခုနှစ်တွင် တည်ထား ကိုးကွယ်ခဲ့သည့် ဘုရားဖြစ်သည်။ ကျောက်တစ်လုံးတည်းဖြင့် ဆင်းတု တော်ကို ထုလုပ်ထားခြင်း ဖြစ်သည်။ ဉာဏ်တော်အမြင့်မှာ ၁၇ ပေနှင့်၁၀ လက်မရှိကြောင်းနှင့် ယခုအခါ ဂေါပကအဖွဲ့က ဦးစီး၍ ဘက်စုံပြုပြင် ထိန်းသိမ်းလျက်ရှိသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မြောက်ဦးမြို့ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိဘုရားပုထိုးများကို ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မြောက်ဦး မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိကြ ပြီး မြို့နယ် အစည်းအဝေးခန်းမ၌ မြောက်ဦးမြို့နယ်အတွင်းရှိ ဌာန ဆိုင်ရာ များ၊လူမှုရေးအသင်းအဖွဲ့များ နှင့် ရပ်မိရပ်ဖများအားတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးခင်သန်းက မြောက် ဦးမြို့နယ်၏ စီးပွားရေး၊ လူမှုရေး အောင်မြင်ရေးအတွက် နယ်မြေခံ အဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်း ညှိနှိုင်းကာ လုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်နေမှု အခြေ အနေတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

လူ့စွမ်းအားအရင်းအမြစ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြော ကြားရာတွင် နိုင်ငံတော်သစ် တည် ဆောက်ရာ၌ နိုင်ငံတော် တည်ငြိမ် အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ စီးပွားရေး အင်အား တောင့်တင်းခိုင်မာရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တို့သည် အဓိကဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုရှိ နေပြီဖြစ်သော် လည်း ရေရှည်တည်တံ့မှု ရရှိရေးတွင် ဌာနဆိုင်ရာများနှင့်အတူ ဒေသခံ ပြည်သူများကလည်း ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း။

စီးပွားရေး အခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်မှသာ နိုင်ငံ တော်၏ စီးပွားရေးအင်အားတောင့် တင်းခိုင်မာမည်ဖြစ်၍ ယခုထက် တိုးတက်မှုရရှိအောင် ဆောင်ရွက်ကြ စေလိုကြောင်း၊ နိုင်ငံတော်က အဓိက သီးနှံ ၁၀ မျိုး သတ်မှတ်ထားရာ ဒေသ နှင့် ကိုက်ညီသည့် အခြားသီးနှံများကို လည်း စိုက်ပျိုးရန်လိုကြောင်း။

မိုးစပါးစိုက်ဧက

ဤဒေသတွင် မိုးစပါးစိုက်ဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင် သော်လည်း သီးထပ်အဖြစ် ပဲနှင့် ဆီထွက်သီးနှံများကို ယခုထက် ပိုမို စိုက်ပျိုးရန်လိုကြောင်း၊ သီးထပ်စွမ်း အား မြှင့်တင်ရေးအတွက် စီမံချက် ရေးဆွဲတင်ပြပြီး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ နှစ်ရှည် သီးပင်အနေ ဖြင့် သစ်ဆိမ့်ပင်ကိုလည်းကောင်း၊ အမယ်သစ် (အမည်သစ်) သီးနှံအနေ ဖြင့် ဒေသနှင့်သင့်လျော်သည့် ရေတ် ကောင်းကိုလည်းကောင်းတိုးချဲ့စိုက်ပျိုး ကြရန်လိုကြောင်းပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော် ယာဉ်များဖြင့်ဆက်လက်ထွက်ခွာခဲ့ ကြရာ ညပိုင်းတွင် မြောက်ဦးမြို့ နယ်မြေခံတပ်ရင်းသို့ရောက်ရှိကြသည်။

တစ်ပိုင်တစ်နိုင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌အရာရှိ၊ စစ်သည် များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မိသားစု အလိုက် ဝင်ငွေတိုးရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက် ကြရေးမှာကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုဏ္ဏားကျွန်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဗီဒီယိုအခြေခံအဖွဲ့ခွဲ အမှုဆောင်သစ် ရွေးချယ်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပခုက္ကူမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ အလုပ်အမှုဆောင်အသစ် ရွေးချယ်ပွဲကို ဧပြီ ၂၅ရက်က ပခုက္ကူမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွေးချယ်ပွဲတွင် ဥက္ကဋ္ဌ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးမောင်သောင်းတို့ ပါဝင်သော ကိုးဦးအဖွဲ့အား အများသဘောတူ ဖွဲ့စည်းတင်မြှောက်လိုက်ကြောင်း သိရသည်။ (၄၁၃)

သားငါးပွံ့ဖြိုး ပြည်အကျိုး

စာအုပ်တို့၏ ပွဲတော်

မောင်ဆုရှင်

ယခုနှစ်ဦး ဖေဖော်ဝါရီလကုန်ပိုင်းက ပခုက္ကူမြို့တွင် ကျင်းပသော (၁၁) ကြိမ်မြောက် ပခုက္ကူဦးအုံးဖေစာပေဆုပေးပွဲ၌ စာအုပ်ဈေးပွဲတော်တစ်ရပ်ကို ပထမဆုံးအကြိမ် ခင်းကျင်းခဲ့သည်။ ပခုက္ကူမြို့ ဗုဒ္ဓကုန်းရှိ ပြည်သာယာခန်းမသို့အဝင် လူသွားလူလာများသော ရေစကြိုဘက်သို့ထွက်ရာ လမ်းနံဘေး၌ စာအုပ်ဆိုင်တန်းကို ယာယီတည်ဆောက်၍ ရောင်းချခြင်းဖြစ်သည်။ ပထမအကြိမ်ပြုလုပ်သော ထိုဈေးပွဲတော်သည် စာပေအခမ်းအနားနှင့် ကြုံကြိုက်၍ ခင်းကျင်းခြင်းဖြစ်သောကြောင့် မျှော်လင့်သည်ထက်ပင် ပို၍ ရောင်းကောင်းပါသည်ဟု ပခုက္ကူဦးအုံးဖေက ပြောသည်။

ရန်ကုန်မြို့တွင် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာအုပ်ဈေးပွဲတော်ကို ဆက်လက်၍ ကျင်းပခဲ့သည်မှာ ၁၃၆၅ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် ပွဲတော်ပါနှင့်ဆိုလျှင် (၅) ကြိမ်ရှိပြီ ဖြစ်သည်။ ပြီးခဲ့သည့် အဆိုပါစာအုပ်ဈေးပွဲတော်၌ ကိုးရက်အတွင်း စာအုပ်အဟောင်းအသစ် ရောင်းရငွေ စုစုပေါင်းမှာ စာအုပ်ဆိုင်ပေါင်း ၄၀ ကျော်၏ တင်ပြချက်အရ ကျပ်၁၄၂သိန်းရှိသည်ဟု ဆိုသည်။

၂၀၀၄ ခုနှစ် မတ်လအတွင်း၌ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာအုပ်ဈေးပွဲတော်တစ်ခုကို ၁၉ရက်နေ့မှ ၂၈ရက်နေ့အထိ တပ်မတော်နေ့ ဂုဏ်ပြုအကြိုအဖြစ် ကျင်းပခဲ့ပြီးဖြစ်သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံတွင် စာအုပ်ဈေးပွဲတော်များသည် ရှိမြဲအစဉ်အလာတစ်ခုဖြစ်ခဲ့သည်မှာ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ စာရေးဆရာအသင်းကပင် စခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထို့နောက် ဆက်လက်၍ ၁၉၇၂ခုနှစ် နိုင်ငံတကာစာအုပ်နှစ်၊ ၁၉၇၅ခုနှစ် စာနယ်ဇင်းတိုင်း ခေတ်သမိုင်းပြပွဲ၊ ၁၉၇၈ခုနှစ် စာနယ်ဇင်းစုံ ခေတ်ကြေးမုံပြပွဲနှင့် လွန်ခဲ့သည့် ၁၀နှစ်ကျော်ကာလမှစ၍ ကျေးလက်ရိုးရာ မြန်မာမှုပြပွဲ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အမျိုးသားရေးဆောင်ပုဒ် အကောင်အထည်ဖော်ရေးပြပွဲတို့အပြင် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ဖော်ကျူးသော **"အမျိုးသမီး ဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းစို့"**စသည့် ပြပွဲကြီးများတွင် စာအုပ် ဈေးပွဲတော်ဟု ခေါ်လောက်သော ကဏ္ဍတစ်ရပ် ပါခဲ့လေသည်။

ထိုပြပွဲများကို တစ်စိတ်တစ်ပိုင်း ပါဝင်တာဝန်ယူခဲ့ရသော ကျွန်တော်တို့သည် ပြီးခဲ့သော ဖေဖော်ဝါရီ လလယ်ပိုင်းက ပြုလုပ်သည့် (၁၆) ကြိမ်မြောက် ကမ္ဘာ့စာအုပ်ပြပွဲတစ်ခုကို အကြောင်းညီညွတ်သဖြင့် ရောက်ရှိခဲ့သည်။ ပြပွဲခင်းကျင်းရာနေရာမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဖြစ်၏။

ထိုမြို့ကြီးတွင် ပရာဂတိမိုင်ဒန် (Pragadi Maidan) အမည်ရှိ အမြဲတမ်းပြပွဲကြီးများခင်းကျင်းရာ မိုင်ဒန်ကွင်း၌ နိုင်ငံပေါင်း၂၀ခန့်နှင့် အိန္ဒိယနိုင်ငံမှ အင်္ဂလိပ်ဘာသာ အပါအဝင် စာအုပ်အမျိုးမျိုးထုတ်ဝေရေး တိုက်ပေါင်းရာကျော်တို့က ပါဝင်ခင်းကျင်းဆင်နွှဲ၍ ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဘာသာစကားအမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုး၊ စာပေအမျိုးမျိုးတို့ကို ၁၀ရက်ကြာမျှ ခင်းကျင်းရောင်းချခဲ့ရာ အင်္ဂလိပ်ဘာသာထုတ် စာအုပ်များကို အဓိကထား၍ ပြသသော ပြပွဲရုံကြီးလေးငါးခုတို့ကို ဆိုင်ခန်းစုံအောင်ကြည့်ရှုခြင်း၊ ဝယ်ခြမ်းခြင်းတို့ဖြင့် ခြေကုန်လက်ပန်းကျလျက်က တစ်နေကုန်လှည့်လည်ခဲ့ရသည်။ ထိုပွဲ၌ ကျွန်တော်တို့အပြင် နယူးဒေလီမြို့တွင် ကျင်းပသော ဗုဒ္ဓဘာသာအစည်းအဝေးကြီးသို့ ကြွရောက်လာသည့် စစ်ကိုင်းသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရပင်လျှင် ကြွရောက်အားပေးခဲ့ကြောင်း၊ ဆရာတော် တည်းခိုရာ အာသောက ဟိုတယ်ကြီးသို့ မြန်မာသံအမတ်ကြီးနှင့်အတူ သွားရောက် ဖူးမြော်စဉ် လျှောက်ထားကြားနာခဲ့ရသည်။

သီတဂူဆရာတော်သည် နိုင်ငံပေါင်း ၂၅နိုင်ငံ တက်ရောက်သော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အစည်းအဝေးကြီးတွင် တက်ရောက်သော ကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ စာရေးဆရာ၊ သတင်းစာဆရာများရှေ့၌ လူအပေါင်းနှင့် လူတို့နေရာ ဤကမ္ဘာ ငြိမ်းချမ်းရေးရဖို့ မိမိ၏ ကိုယ်၊ နှုတ်၊ စိတ်တို့ကို ငြိမ်းချမ်းအောင် တည်ဆောက်ရမှာဖြစ်ကြောင်း ဟောကြားခဲ့သည်။

နယူးဒေလီကမ္ဘာ့စာအုပ်ဈေးပွဲတော်မှာ ပြခန်းဆောင်ကြီးများအလိုက် စာပေကဏ္ဍအသီးသီးနှင့် စပ်လျဉ်းသော ဟောပြောပွဲများကို ထုတ်ဝေရေးတိုက်အလိုက်၊ ပညာရှင်အလိုက် ဟောပြောပွဲများလည်း ပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် စာအုပ်ဈေးပွဲတော် အကြီးဆုံးဟုဆိုနိုင်သော ဖရန့်ဖို့စာအုပ်ပွဲတော် (Frankfurt Book Fair)သို့ တက်ရောက်လိုသူများအတွက် ဂျာမနီနိုင်ငံမှ ဟောပြောသူအမျိုးသမီးတစ်ဦးက ရှင်းလင်းဟောပြောခြင်းကိုလည်း တက်ရောက်နားဆင်ခဲ့ရသည်။

နယူးဒေလီ စာအုပ်ဈေးပွဲတော်ဖွင့်ပွဲကိုကား ဟံသာဌာနီ ကပွဲရုံကြီးတွင် သီးခြားကျင်းပရာ အိန္ဒိယနိုင်ငံဖွား ကမ္ဘာကျော် စာရေးဆရာ ဗွီအက်စ်နိုင်ပေါလည်း တက်ရောက်၍ ဧည့်သည်အဖြစ် မိန့်ခွန်းပြောကြားသည်။ အိမ်ရှင်အဖြစ် ဖွင့်လှစ်ပေးသူမှာ အိန္ဒိယနိုင်ငံ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Joshi ဖြစ်သည်။ ထိုဖွင့်လှစ်ပွဲ၌ ဂျပန်၊ ဂျာမနီ၊ အီတလီနှင့် အိန္ဒိယတို့မှ တက်ရောက်လာသော မိတ်ဆွေများကိုလည်း တွေ့ရသည်။

စာအုပ်ဈေးပွဲတော်၏ ထူးခြားချက်မှာ ဘောလုံးကွင်း ၁၀ ကွင်းစာမက ကျယ်ဝန်းသော ရေကန်၊ ပန်းမန်၊ စားသောက်ဆိုင်၊ အခင်းအကျင်းများပါသည့် ပွဲတော်နေရာအတွင်း၌ နေ့စဉ် နံနက် ၁၁နာရီမှ ည ၈နာရီအထိ ပရိသတ်ပေါင်းစုံတို့ ဝင်လာမစဲ တသဲသဲ စည်ကားနေခြင်းဖြစ်သည်။ ရောင်စုံဖြာလျက်ရှိသော စာအုပ် စင်ကြီးငယ်တို့ရှေ့၌ လူကြီးလူငယ် အရွယ်မျိုးစုံတို့ကို စာရှာနေသူများ၊ စာငတ်နေသူများ၊ စာချစ်သူများအဖြစ် အားကျဖွယ်တွေ့မြင်ရခြင်းဖြစ်သည်။ သူတို့သည် စာအုပ်စာပေအမျိုးမျိုးတို့ကို ကြည့်ရင်း သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ တစ်မြေတစ်ရေအကြောင်းတို့ကို စာထဲပေထဲ၌ သိလို၍ ရှာဖွေနေကြခြင်းကို ရိပ်စားမိရသည်။ ထိုအခါ သူတို့ကို ကိုယ့်လူမျိုး၊ ကိုယ့်စရိုက်၊ ကိုယ့်ဘာသာနှင့်စပ်လျဉ်း၍ အခြေအနေမှန်၊ အချက်အလက်မှန်များကိုလည်း သဘောပေါက်ရသည်။ အတူပါလာသော ပြည့်စုံစာအုပ်တိုက်မှ ဦးမျိုးအောင်၊ သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဦးမြင့်ကြွယ်တို့နှင့် ဈေးပွဲတော်အတွင်း အညောင်းပြေ စာသောက်ဆိုင်ထိုင်ရင်း ကျွန်တော်တို့ ဘာတွေကိုပေးချင်သည်၊ ဘာတွေကို ရေးပြချင်သည်တို့ကို အချင်းချင်း ဆွေးနွေးခွင့်ကြုံခဲ့သည်။

ထို့ပြင် ဈေးပွဲတော်၌ ပါဝင်ဆင်နွှဲကြသော ထုတ်ဝေသူ၊ ဖြန့်ချိသူတို့နှင့် ဆုံခွင့်ရသော မြန်မာစာပေကို နိုင်ငံတကာသို့ ထိုးဖောက်ရန်အတွက် ကမ္ဘာ့စာအုပ်ဖြန့်ချိရေးလောက၏ လိုအပ်ချက်ဖြစ်သည့် ISBN ခေါ် နိုင်ငံတကာ စာအုပ်စံမီ အမှတ်ညွှန်း (International Standard Book Number)ရရှိရေး မိတ်ဖြစ် အဆက်အဆံ ထူထောင်ရေး၊ ထုတ်ဝေရေး ပညာဖြန့်ဖြူးရေးကိစ္စတို့ကို လမ်းအခွင့်ရှာခဲ့သည်။ ဤသို့ဖြင့် သူ့အကြောင်း ကိုယ့်အကြောင်းကို တိုက်ရိုက် အသိမများသေးသူများအတွက် ကျွန်တော်တို့က များများစားစား ထုတ်ဝေဖြန့်ချိရန် ဖတ်စရာပစ္စည်းများ လိုအင်ကို သဘောပေါက်ရသေးသည်။

နယူးဒေလီ ကမ္ဘာ့စာအုပ်ဈေးပွဲ၌ လေးရက်ထက်ပို၍ ကျွန်တော်တို့ ကြာကြာမနေနိုင်။ ပခုက္ကူမြို့တွင် ယခုနှစ် အလှည့်ကျ၍ (၁၁)ကြိမ်မြောက် ကျင်းပသော ပခုက္ကူဦးအုံးဖေစာပေဆုပေးပွဲအမီ ပြန်လည်ရောက်ရှိခဲ့ကြသည်။ ဤနှစ်ပွဲစပ်ကြား၌ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏ ရာပြည့်ပွဲကိုလည်း တစ်မနက်ခင်း တက်ရောက်ရသေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်သည့် စည်ကားသိုက်မြိုက်လှသော ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆုများပေးပွဲတွင် စာအုပ်ဈေးပွဲတော် ခင်းကျင်းထားသည်မှာ နယူးဒေလီစာအုပ်ဈေးပွဲတော်နှင့် မယှဉ်သာသော်လည်း ကျွန်တော်တို့အစပြုမိသော အရှိန်အတွက် ကျေနပ်ဝမ်းမြောက်ရသည်။ ပခုက္ကူမြို့ ဦးအုံးဖေစာကြည့်တိုက်၌ ဝင်၍နားနေရင်း ဆွေးနွေးမိသောအခါ စာပေ၏ ကျေးဇူးတရားကို သဘောပေါက်၍ နိုင်ငံသို့ ဆက်လက်ဖြန့်ချိသော ဦးအုံးဖေအား စာအုပ်တို့၏ အစုအဝေးကို သိမ်းဆည်းသိုမှီးရာဖြစ်သည့် စာကြည့်တိုက်တို့က ပြည်သူလူထုကို စာပေအမျိုးမျိုး တင်ဆက်ရာ၌ ခေတ်ပေါ် နည်းများ၊ အတွေးအခေါ်သစ်များဖြင့် ချဲ့ထွင်နိုင်ရန် နည်းလမ်းများ ကျန်ရှိပါသေးသည်ကို လေ့လာသင့်ကြောင်း အကြံဉာဏ်ကောင်းကို ပေးခွင့်ရခဲ့သည်။

ဤသို့ဖြင့် စာအုပ်တို့၏ ပွဲတော်ကြီးငယ်တို့ကို ရောက်ရှိ၍ ရေးသားသူ၊ ထုတ်ဝေသူတို့နှင့် ရတုန်းရခိုက် ကြုံဆုံခိုက် ခရီးတွင်ရရှိခဲ့သော ခံယူချက်မှာ စာအုပ်တို့သည် ကိုယ့်နိုင်ငံအတွက် သံကြီးတမန်ကြီးနှင့် သံကောင်း တမန်ကောင်းများ ဖြစ်နိုင်သည်ဟု မျှတသောအမြင်၊ ခိုင်မာသော အမျိုးသားရေးရှုထောင့်မှ ကျွန်တော်တို့ ကောင်းစွာ သဘောပေါက်ခဲ့ရသည်။ ။

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ပုသိမ်မြို့နယ် ရွှေမြင်တင် ကျေးရွာရှိ ရွှေမြင်တင်သီရိဝဏ္ဏ စေတီတော်မြတ်ကြီးတွင် ဧပြီ ၉ရက်က စိန်ဖူးတော် တင်လှူပူဇော်စဉ်။ (က-ပ)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်စာရင်းထုတ်ပြန်

ရန်ကုန် ဧပြီ ၂၁

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ယမန်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။

အောင်မြင်သူ

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၄ဌာနတို့၌ ဖြေဆိုသူ ၁၁၄၂၈ဦး၊ အောင်မြင်သူ ၈၉၁၄ဦး၊ နှစ်ချင်း ပေါက်သုံးဆင့်လုံး အောင်မြင်သူ ၁၃၄၀ ရှိ၍ တစ်ပြည်လုံးပထမ ခုံအမှတ်(၁၀၈) မဝေမွန်ကျော် မရမ်းကုန်း စာဖြေဌာန ရန်ကုန်မြို့ ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ် (၁၇) မနန်းသီရိလင်း မြစ်ကြီးနား စာဖြေဌာန မြစ်ကြီးနားမြို့ ကချင်ပြည်နယ်နှင့် တစ်ပြည်လုံး တတိယ ခုံအမှတ်(၁၈)မကုလဝတီ ကျိုက်လတ် စာဖြေဌာန ကျိုက်လတ်မြို့ ဧရာဝတီတိုင်းတို့ ဖြစ်သည်။

အဘိဓမ္မာဂုဏ်ထူးဆောင် စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၃ ဌာနတို့၌ ဖြေဆိုသူ ၂၁၅၁ ဦး၊ အောင်မြင်သူ ၁၈၀၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့် အောင်မြင်သူ ၄၁၃ ဦးရှိ၍ တစ်ပြည်လုံး ပထမ ခုံအမှတ်(၄) မစန္ဒကလျာ ပြွန်တန်ဆာ စာဖြေဌာန ညောင်လေးပင် မြို့နယ် ပဲခူးတိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်(၂)ဒေါ်သိန်းသိန်းဝင်း အမရပူရ စာဖြေဌာန အမရပူရမြို့ မန္တလေးတိုင်းနှင့် တစ်ပြည်လုံး တတိယ ခုံအမှတ် (၂၃)မသီတာချို ဟင်္သာတစာဖြေဌာန ဟင်္သာတမြို့ ဧရာဝတီတိုင်းတို့ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း၆၂ဌာနတို့၌ ဖြေဆိုသူ ၁၁၆၆ဦး၊ အောင်မြင်သူ ၉၇၄ဦး အနက် နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၇၈ ဦးရှိ၍ တစ်ပြည်လုံး ပထမ ခုံအမှတ် (၆) ဒေါ်ကြည်ကြည်မော် ပျဉ်းမနား စာဖြေဌာန ပျဉ်းမနားမြို့ မန္တလေးတိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ် (၁) မနန်းနီလာဝင်း မိုးနဲစာဖြေဌာန မိုးနဲမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်တစ်ပြည်လုံး တတိယ ခုံအမှတ်(၁) ကိုချိုဝင်း ထားဝယ်စာဖြေဌာန ထားဝယ်မြို့ တနင်္သာရီတိုင်းတို့ ဖြစ်သည်။

ကြည့်ရှုနိုင်

အောင်စာရင်း အပြည့်အစုံကို မြို့နယ်သံဃမဟာနာယကအဖွဲ့ရုံးများနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၂-၄-၂၀၀၄
(ကြာသပတေးနေ့)နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Vital Statistics (ပြည်သူ့ရေးရာ)
၅း၃၀ ၉။ တိုင်းကျိုးပြည်ပြုဒို့ရေးရှု
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၁၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၉)

▼ *ကျောဖုံးမှ*

ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် စံချိန်မီ ဘောလုံးလေ့ကျင့်ကွင်းများ၊ ယှဉ်ပြိုင်ကွင်းများရှိရန်မှာ အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုပင်ဖြစ်သည်။ ယင်းလိုအပ်ချက်နှင့်အညီ အားကစားဝန်ကြီးဌာနက ရန်ကုန်မြို့ရှိ ရှိပြီးသား ဘောလုံးကွင်းငါးကွင်းကို အဆင့်မြှင့်မွမ်းမံ ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး တစ်ချိန်တည်းမှာပင် ဘောလုံးကွင်းသစ် ငါးကွင်းကိုလည်း ဖော်ထုတ်လျက်ရှိသည်။

သို့ဖြစ်ရာ အဆိုပါဘောလုံးကွင်းများ ဖော်ထုတ်အဆင့်မြှင့်ပြင်ဆင်နေမှုများကို မြန်မာ့ဘောလုံး ပရိသတ်များ သိရှိနိုင်ရန် လုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေသည့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှအားကစားကွင်းနှင့်အားကစားရုံ ညွှန်ကြားရေးမှူး ဦးဇော်လင်းထံ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

မေး – ဘောလုံးကွင်းသစ် ဖောက်လုပ်မှုနဲ့ အဆင့်မြှင့်မွမ်းမံပြင်ဆင်မှုများအခြေအနေကို သိပါရစေ။

သာကေတမြို့နယ် ဘောလုံးကွင်းတွင် လုပ်ငန်းများဆောင်ရွက်စဉ်။ ဓာတ်ပုံမှတ်တမ်း–ရန်ကြီးအောင်

ဖြေ – ကျွန်တော်တို့အနေနဲ့ ကွင်းသစ်ငါးကွင်းကို အသစ်ဖောက်လုပ်လျက်ရှိပါတယ်။ ရှိပြီးသား ကွင်းဟောင်းငါးကွင်းကိုလဲ အဆင့်မြှင့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်နေပါတယ်။ ကျိုက္ကဆံကွင်းမှာရှိတဲ့ အားကစားနဲ့ကာယပညာသိပ္ပံမှာ လေးကွင်း၊ တောင်ဥက္ကလာပမြို့နယ်ကမြသီတာကွင်းတို့ကို ကွင်းသစ်အနေနဲ့ ဖောက်လုပ်မှာပါ။ အဆင့်မြှင့်ပေးမယ့် ကွင်းတွေကတော့ ကြည့်မြင်တိုင်မြို့နယ်က စလင်းကွင်း၊ လှိုင်မြို့နယ် အားကစားကွင်း၊ နောက်ထပ်တောင်ဥက္ကလာပမြို့နယ်ထဲက ပဒေသာကွင်း၊ သာကေတမြို့နယ်(၂/မြောက်) ရပ်ကွက်မှာရှိတဲ့ မြို့နယ်အားကစားကွင်းနဲ့မြောက်ဥက္ကလာပမြို့နယ်က မဏ္ဍိုင်ကွင်းတို့ဖြစ်ပါတယ်။

မေး – ယခုဆောင်ရွက်နေတဲ့ ကွင်းတွေကို အသုံးပြုမယ့် အခြေအနေကိုလဲရှင်းပြပါဦးခင်ဗျား။

ဖြေ – စလင်းကွင်း၊ ပဒေသာကွင်း၊ လှိုင်ကွင်းနဲ့သာကေတကွင်းတွေကို (က)အဆင့်ပြိုင်ပွဲ ကျင်းပမယ့် ကွင်းတွေအဖြစ် အဆင့်မြှင့်တင်ပါမယ်။ ဒီပြိုင်ပွဲကွင်းတွေမှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမယ့် ဒုတိယတန်းနဲ့တတိယတန်းအဆင့်အသင်းများရဲ့ ဘောလုံးပြိုင်ပွဲတွေ စီစဉ်ကျင်းပသွားမှာဖြစ်ပါတယ်။ လောလောဆယ်မှာ ပထမတန်း အဆင့်ပြိုင်ပွဲတွေကို ပဒုမ္မာကွင်းနဲ့ စလင်းကွင်း၊ အဆင့်မြင့်တန်းပြိုင်ပွဲတွေကို ပဒုမ္မာနဲ့အောင်ဆန်းကွင်းတို့မှာ ကျင်းပနေပါတယ်။ ကျန်တဲ့မဏ္ဍိုင်ကွင်းနဲ့ကွင်းသစ် ငါးကွင်းကိုတော့ (ခ)အဆင့် စံချိန်မီလေ့ကျင့်ရေးကွင်းများအဖြစ် ရည်ရွယ်ဖော်ထုတ်နေပါတယ်။

မေး – ပြင်ဆင်မှုအကြောင်း အသေးစိတ်ပြောပြနိုင်မယ်ဆိုရင် သိလိုပါတယ်။

ဖြေ – ကျွန်တော်တို့လုပ်ငန်း ရည်မှန်းချက်အနေနဲ့ မတ်လကုန်မှာ ကွင်းပုံစံဖော်၊ မိုးဦးမှာ မြက်စိုက်ပြီး မိုးကုန်မှာ ကစားလို့ရတဲ့ ကွင်းဖြစ်ပေါ်လာဖို့ ရည်မှန်းထားပါတယ်။ မျက်မြင်အခြေအနေအရပြောရရင် ရန်ကုန်မှာ မိုးများတဲ့အတွက် ကွင်းတွေမှာ ရေတင်တတ်ပါတယ်။ ဒါကြောင့် ယခုဆောင်ရွက်နေတဲ့ ကွင်းတွေမှာ နှစ်ပေကျယ်တဲ့ ရေစိမ့်မြောင်း ၂၁မြောင်းကို ကွင်းကိုကန့်လန့်ဖြတ်ပြီး ဖောက်လုပ် ပေးပါမယ်။ မြောင်းတွေပေါ်မှာ ကိုးလက်မထုရှိတဲ့လိပ်ခုံးပုံသဏ္ဍာန်ကန်ဘာ (Camber)တပ်ဆင်ပြီး အဲဒီအပေါ်မှာ မြေတင်ပါမယ်။ နောက်နှစ်တန်ရိုလာနဲ့ကြိတ်၊ မြေညှိပြီးမြေအသားသေမှ တစ်ကွင်းလုံးကို သဲနဲ့နုန်းမြေ သုံးလက်မတင်ပြီး မြက်စိုက်မှာပါ။ ကွင်းပတ်ချာလည်မှာလဲ တစ်ပေခွဲအကျယ်ရှိရေနုတ်မြောင်း ဖောက်ပြီး ကွင်းလယ်ကန့်လန့်ဖြတ်မြောင်းတွေနဲ့ ဆက်သွယ်ထားပါမယ်။ အဲဒီကမှတစ်ဆင့် စည်ပင်သာယာ ရေနုတ်မြောင်းတွေနဲ့ ဆက်ထားပါမယ်။ ဒါမှ ကွင်းထဲကိုကျလာတဲ့ မိုးရေတွေဟာ ရေစိမ့်မြောင်းကတစ်ဆင့် ကွင်းဘေးမြောင်း၊ အဲဒီကမှ စည်ပင်မြောင်းကို တိုက်ရိုက်စီးဆင်းသွားပါမယ်။ ဒါဆိုရင် ကွင်းထဲမှာရေတင်တဲ့ ပြဿနာကင်းဝေးသွားမှာပါ။ နောက်တစ်ခုက တချို့ကွင်းတွေက မြေမညီတဲ့အတွက် ဘောလုံးကန်တင်လိုက်တဲ့အခါမှာ ဦးတည်ရာမရောက် ဖြစ်တတ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ပထမဦးဆုံးမြေသားညီအောင် ပြုပြင်ဆောင်ရွက်နေပါတယ်။ နောက်ကွင်းပေါ်မှာ စိုက်မယ့် မြက်ကလဲ ဒေသနဲ့ ကိုက်ညီပြီး အကြမ်းခံတဲ့မြေစာမြက်စိုက်မှာပါ။ ဒီမြက်တွေ ထိန်းသိမ်းဖို့၊ အမြဲစိမ်းလန်းနေစေဖို့လဲ လေးလက်မအဝီစိ တွင်းတူးပြီး ပတ်လည်ရေပန်းစနစ်နဲ့ ရေပေးဝေမှု မပြတ်အောင် ဆောင်ရွက်သွားမှာပါ။

မေး – အထူးသဖြင့် ဂိုးဧရိယာအတွင်းမှာ ဘောလုံးယှဉ်ပြိုင် ကစားခြင်းကြောင့် ပွဲတစ်ပွဲပြီးသွားရင် မြက်တွေဖွာလန်ထွက်ပြီး မြေကွက်လပ်တွေ ဖြစ်သွားတတ်ပါတယ်။ အခြားနိုင်ငံတွေက အဆင့်မီကွင်းတွေလို မြက်ကို အလိပ်လိုက်အသစ်လဲတဲ့ အစီအစဉ်ရောရှိပါသလား။

ဖြေ – ကျွန်တော်တို့ ဘောလုံးကွင်းဘေးရှိ နေရာလွတ်တစ်ခုမှာ အရန်မြက်ခင်း စိုက်ထားဖို့ အစီအစဉ်ရှိပါတယ်။ ကွင်းထဲမှာ ကွက်လပ်ဖြစ်သွားတဲ့ နေရာကို ပွဲပြီးတာနဲ့ အဲဒီမြက်ခင်းတွေနဲ့ အစားထိုးလဲလှယ်သွားမှာပါ။

မေး – ယခုတည်ဆောက်နေတဲ့ ကွင်းတွေမှာ ပွဲကြည့်စင်တွေ အဆင့်မြှင့်တင်ဖို့၊ မီးဆိုင်းတွေ တပ်ဆင်ပေးဖို့၊ နည်းပြတွေနဲ့ အရန်ဘောလုံးသမားတွေအတွက် မိုးလုံစင်တွေ လုပ်ပေးဖို့၊ ကွင်းထောင့် လေးထောင့်မှာ ပျော့ပျောင်းမှုရှိတဲ့ ကော်နာတိုင်တွေ လုပ်ပေးဖို့တွေကိုရော ဆောင်ရွက်ပေးဖို့ ရှိပါသလား။

ဖြေ – လောလောဆယ် ကတော့ ကစားကွင်း အဆင့်မြှင့်တင်ဖို့ကိုပဲ အဓိကထား ဦးတည်ဆောင်ရွက်နေတာပါ။ ကျန်တဲ့လုပ်ငန်းတွေကိုတော့ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လုပ်သွားဖို့ စီစဉ်သွားမှာဖြစ်ပါတယ်။

မေး – လေ့ကျင့်ရေးကွင်းတွေ အပေါ်ထားတဲ့ ရည်ရွယ်ချက်ကိုလဲ သိပါရစေ။

ဖြေ – အသစ်ဖောက်နေတဲ့ လေ့ကျင့်ရေးကွင်းတွေမှာ ဘယ်သူတွေ၊ ဘယ်အသင်းတွေမှ လေ့ကျင့်ခွင့်ရမယ်ဆိုတာ မသတ်မှတ်ရသေးပါဘူး။ ရေရှည်ရည်ရွယ်ချက် တစ်ခုအနေနဲ့ ပြောရရင် ကျိုက္ကဆံကွင်းထဲမှာ ဖော်ထုတ်နေတဲ့ ကွင်းသစ်လေးကွင်းဟာ နောင်မှာ ဖြစ်ပေါ်လာမယ့် Football Academy အတွက်လဲ ရည်မှန်းထားတာဖြစ်ပါတယ်။

မေး – ယခု ဆောင်ရွက်နေတဲ့ ကွင်းတွေဟာ အားကစားနှင့် ကာယပညာဦးစီးဌာနကပိုင်တဲ့ ကွင်းတွေချည်းပဲလား။

ဖြေ – ဟုတ်ပါတယ်၊ အားလုံး အား/ကာပိုင်တဲ့ ကွင်းတွေချည်းပါပဲ။ ဒါကြောင့် အားကစားဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ကျွန်တော်တို့ ဌာနကပဲ တာဝန်ယူပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အသစ်ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့က တော့ တက္ကသိုလ်ထဲက ကွင်းရှစ်ကွင်းကို အဆင့်မြှင့်ပြုပြင်ဖို့ စီစဉ်နေကြောင်းလဲ သိရပါတယ်။

မေး – အခြားပြည်နယ်နဲ့ တိုင်းတွေက ကွင်းတွေကိုရော အဆင့်မြှင့်တင်ဖို့ အစီအစဉ်ရှိပါသေးလားခင်ဗျား။

ဖြေ – ပြည်နယ်နဲ့တိုင်း ဘောလုံးကွင်းတွေအနေနဲ့ သက်ဆိုင်ရာပြိုင်ပွဲတွေ ကျင်းပဖို့ အဆင်ပြေနေတဲ့ အနေအထားမှာရှိပါတယ်။ ဒီထက်ပိုပြီး အဆင့်မြင့်လာအောင်လဲ တဖြည်းဖြည်း လုပ်ပေးနေပါပြီ။ ဒါ့အပြင် အချို့ခရိုင်နဲ့ မြို့နယ်ကွင်းတွေကိုလဲ ပြိုင်ပွဲကြီးတွေကျင်းပပေးနိုင်ဖို့အတွက် အဆင့်မြှင့်ပေးနေပါတယ်။ ကွင်းထဲမှာ မြက်တွေအမြဲ ရှင်သန်နေပြီး တစ်ကွင်းလုံးစိမ်းလန်းစိုပြည်နေစေဖို့ လုပ်နေပါတယ်။ ရန်ကုန်မှာတော့ လက်ရွေးစင်အသင်းတွေနဲ့ ကလပ်အသင်းတွေလဲရှိ၊ လူဦးရေလဲများတဲ့အတွက် ကစားကွင်းမလုံလောက်တဲ့ အခက်အခဲဖြစ်နေရပါတယ်။ ဒါကြောင့် ဦးစားပေးဆောင်ရွက်နေခြင်းပါ။

မေး – ယခုလို ကွင်းဟောင်းတွေ အဆင့်မြှင့်တင်၊ ကွင်းသစ်တွေ ဖော်ထုတ်တာနဲ့ပတ်သက်ပြီး ဘယ်လိုများ အကျိုးသက်ရောက်နိုင်ပါသလဲ။

ဖြေ – ပြိုင်ပွဲကွင်းတွေ၊ လေ့ကျင့်ရေးကွင်းတွေတိုးလာ၊ အဆင့်မြင့်လာတဲ့အတွက် ဘောလုံးသမားတွေအနေနဲ့ ယခင်ကထက်ပိုပြီး လေ့ကျင့်ခွင့် ကစားခွင့် ပိုရလာမှာပါ။ ဒါ့အပြင် ယခုဖော်ထုတ်နေတဲ့ အဆင့်မြင့်ကွင်းတွေမှာ ကစားရင်း၊ လေ့ကျင့်ရင်းနဲ့ မြန်မာ့ဘောလုံးအဆင့်အတန်းကို ပိုမိုမြင့်တင် တိုးတက်လာနိုင်စေမယ်လို့ ယုံကြည်မိပါတယ်။ ။

(မြန်မာ့အလင်း)

ဧပြီ ၂၁ ရက်က စမ်းချောင်းမြို့နယ် ပဒုမ္မာဇာတ်ရုံတွင် ဆိုဗီယက်ရုရှားပြန် ဦးမောင်မောင်၏ ဆိုဗီယက်ရုရှားပြန် ဆပ်ကပ်ဒီပလိုမာ အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကျိုက္ကဆံကွင်းတွင် ဘောလုံးကွင်းသစ်ဖော်ထုတ်နေမှုကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–ရန်ကြီးအောင်

မြန်မာ့ရုပ်မြင်သံကြား

၂၂-၄-၂၀၀၄(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀	၆။	အဆိုပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	ဖိုက္ကရဲရေထိန်းတံခါး
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let°'°s Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇း၄၅	၈။	တေးဂီတအစီအစဉ်
၁၈း၀၀	၉။	နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၁၅	၁၀။	သက်တံရောင်သံစဉ်
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း–၁၅)
၁၉း၃၀	၁၄။	တေးဂီတအစီအစဉ်
၁၉း၄၅	၁၅။	အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (အပိုင်း–၂)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကွန်"** (အပိုင်း–၁) (ကျော်ဟိန်း၊ နန္ဒာလှိုင်၊ ချိုပြုံး) ဒါရိုက်တာ–ကျော်ဇောလင်း

ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်း အင်တိုက်အားတိုက်ဆောင်ရွက် အချိန်စောပြီးသည်နှင့် ပြည်သူများ နိုင်ငံတကာအဆင့်မီ အပန်းဖြေဥယျာဉ်ကြီး၌ အနားယူနိုင်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ၁၈ရက် မွန်းလွဲ ၂နာရီတွင် ကန်တော်ကြီးဥယျာဉ် Central Forest Zone, Water Plaza တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ကျင်းပရာ ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကို ဇုန်လေးဇုန်ခွဲ၍ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအများစု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သော်လည်း အချို့လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လိုနေသေးကြောင်း၊ တည်ဆောက်ပြီးလုပ်ငန်းများ အချောသတ်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းအားလုံး အချိန်စောပြီးသည်နှင့်အမျှ ပြည်သူများ နိုင်ငံတကာအဆင့်မီ အပန်းဖြေဥယျာဉ်ကြီးတွင် စောစီးစွာ အပန်းဖြေအနားယူ လေ့လာနိုင်မှာဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများကိုပါ ဆွဲဆောင်မှုရှိမည့် လုပ်ငန်းကြီးဖြစ်သဖြင့် ဇုန်တာဝန်ခံများက မိမိတို့ဇုန်အလိုက် အဆင့်မြင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် ကန်တော်ကြီး ရေသိုလှောင်နိုင်မှုမြှင့်တင်သိုလှောင်နိုင်ရေး၊ ကန်တော်ကြီး ရေပြင်အတွင်းသို့ ရေဆိုးဝင်ရောက်မှုမရှိစေရေးအတွက် Waste Water Treatment စနစ်တကျ ပြုလုပ်ရေး၊ အရည်အသွေးစံချိန်စံညွှန်းမီစွာ ဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် Relaxation Zone အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းခြေအနေများကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက Central Forest Zone အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနဒုတိယဝန်ကြီး ဦးအုန်းမြင့်က Education Zone အတွင်း စိုက်ပျိုးရေး ဆိုင်ရာပညာပေးပြကွက် ကိုးခုနှင့် အရောင်းဆိုင်များ ဆောင်ရွက်ပြီးစီးမှု၊ ကန်တော်ကြီးရေ သန့်ရှင်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေ များ၊ကန်တော်ကြီး၌ ရေပိုမိုသိုလှောင်ထားနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေ များကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူက ကန်တော်ကြီးဥယျာဉ်အတွင်းအဆင့်မြင့် စားသောက်ဆိုင်များ တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က ကန်တော်ကြီး ဥယျာဉ်ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အရည် အသွေးစံချိန်စံညွှန်းမီစွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်း အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းသိမ်းက Education Zone အတွင်း Fresh water Fish Garden တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊Wood Land Co.,Ltd. က အထွေထွေ မန်နေဂျာ ဦးမြင့်သိန်းက ရေကူးကန်အဆင့်မြှင့်တင် တည်ဆောက်ခြင်းနှင့် Conference Hall တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေ အနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အခြေပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေက ရှင်းလင်းတင်ပြချက်များ နှင့် ပတ်သက်၍ တာဝန်ရှိသူများအား ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် တည် ဆောက်ရေးအတွက် ဌာနဆိုင်ရာများ နှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ကန်တော် ကြီး ဥယျာဉ်အတွင်း လမ်းများနိုင် လွန် ကတ္တရာ ၁၂ ပေအကျယ် ခင်းနိုင် ရေး ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကို ရုတ်သိမ်းလိုက် သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ နှင့်အဖွဲ့သည် Central Forest Zone အတွင်း အဝင်ပေါက်နှင့် Car Parking တည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ Education Zone အတွင်း Fresh Water Fish Garden တည်ဆောက်ရေးလုပ်ငန်း ခွင်၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးပြတိုက် နှင့် ရေကူးကန်အဆင့်မြှင့်တင် တည် ဆောက်နေမှုအခြေအနေများကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လုပ်ငန်းများ အရည် အသွေး စံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီး ရေး ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နွေရာသီ ရက်တိုသင်တန်းများဖွင့်

ရန်ကုန် ဧပြီ ၂၁

တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီ ရက်တိုသင်တန်းများဖြစ်သည့် ဗုဒ္ဓဘာသာ တရားတော် (အခြေခံ)သင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြော သင်တန်းနှင့် ဟော်ကီသင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက တပ်မတော်မှတ်တမ်းရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ အခမ်းအနားသို့ တပ်မတော်မှတ်တမ်းရုံး တပ်မှူး အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ တပ်မှူး၏ဇနီး ဒေါက်တာ ဒေါ်သီသီအေးနှင့် အမှုဆောင်များ၊ အရာရှိ စစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၁၅၀ တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သီသီအေးတို့က အမှာစကားပြောကြားကြပြီး သင်တန်းများကို ဖွင့်လှစ်ပေးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ချောက်မြို့နယ်အသင်း(ရန်ကုန်) (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၈ ရက်က ဗဟန်းကြားတောရလမ်း တရားရုံးချုပ်မဏ္ဍာရုံ၌ကျင်းပရာ အသင်း နာယက ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) က လေးဘာသာဂုဏ်ထူးရှင် မောင်စည်သူဟိန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်း ကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်မှုဖြင့် ဒေသခံများ ကိုးကွယ်ကြည်ညိုကြရန် အမြတ်ဆုံးဒါနကောင်းမှုအဖြစ် တည်ထားကိုးကွယ်ထားသည့် ပြည်ငြိမ်းအေးစေတီတော်ကို ဤသို့ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း

■ ရှေ့ဖုံးမှ

ခရီးစဉ်တွင် တစ်ပါတည်းလိုက်ပါခွင့် ရ၍သာ ဤသို့ လေ့လာခွင့်ရခဲ့ခြင်း ဖြစ်သည်။

ဟိုမိန်းမြို့ကား မြေပြန့်နည်းပြီး တောင်ကုန်းတောင်တန်း ထူထပ်ကာ လျှိုကြီးမြောင်ကြီးများ ပေါများလှသည်။ မိမိတို့ကျော်ဖြတ်ခဲ့ကြသော အချို့ တောင်ကုန်းတောင်တန်းများမှာ အမြင့်ပေ ၄၀၀၀ မှ ၇၀၀၀ ကျော်အထိပင် မြင့်မားလှသည်။

တိုးချဲ့ဆောက်လုပ်

မိမိတို့ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်သည် အဆိုပါတောင်တန်းများကိုကွေ့ကာ ဝိုက်ကာ တစ်ရစ်ပြီး တစ်ရစ် တစ်ထစ်ပြီး တစ်ထစ် ဖြတ်ကျော် မောင်းနှင်ခဲ့ကြသည်။ သို့သော် မိမိတို့ ရင်မခုန်ကြ။ အဆိုပါ တောင်တက်လမ်းများကို နယ်မြေခံတပ်ရင်းက လမ်းသားများကို စက်ယန္တရားများဖြင့် တိုးချဲ့ဖောက်လုပ် မွမ်းမံထား၍ ဖြစ်သည်။

နံနက်ပိုင်းတွင် နယ်လှည့်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီး စိုင်းထွန်းညိုက ကားတစ်စီးဖြင့် ဟိုမိန်းမြို့ ဖွံ့ဖြိုးမှုများကို လိုက်လံပြသ၍ ကျေးဇူးတင်မိပါသည်။

အဖိုးတန်သစ်များကြွယ်ဝ

ဟိုမိန်းမြို့ကား တောင်ကုန်းတောင်တန်း ထူထပ်မှုနှင့် အညီ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ အင်ကြင်း၊ ပိတောက်၊ ပျဉ်းမစသော အဖိုးတန်သစ်များ ပေါကြွယ်ဝစွာ ပေါက်ရောက်လျက်ရှိသည်။

လျှပ်စစ်ထုတ်လုပ်မှုကောင်း

မြို့တွင်း၌ နောင်လုံကန် စေတီတော်၊ နောင်လုံကန်နှင့် နောင်လုံရွာတို့ဖြင့် ပန်းရလျက်၊ နောင်လုံကန်ကား ရေနီလာလျှင်၊ ရေနောက်လာလျှင် ထူးခြားမှုရှိသည်ဟု ဒေသခံတို့က ယုံကြည်ကြသည်။ ထို့ပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့်ဒေသခံတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ၅၈ ကီလိုဝပ် ထုတ်ရေအားလျှပ်စစ်ဓာတ်ပေးစက်ရုံလည်း ရှိသည်။ ပတ်ဝန်းကျင်ရွာလေးရွာကို ပင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ ထပ်မံ၍ ၁၂၀ ကီလိုဝပ် ရေအားလျှပ်စစ်စက်တစ်လုံး တိုးချဲ့လျက်ရှိရာ ၉၅ ရာခိုင်နှုန်းပင်ပြီးစီးလျက်ရှိသည်။ တာဘိုင်ရေဒလက်များကား ဒေသခံများကိုယ်တိုင် ကိုယ်ပိုင်နည်းဖြင့် တီထွင်ထားခြင်းဖြစ်သည်။ နောင်လုံကန်မှာရေပိုလျှံသည့် အတွက် လျှပ်စစ်ထုတ်လုပ်မှု ကောင်းကြောင်းလည်းသိခဲ့ရသည်။

ဟိုမိန်းမြို့တွင် လူဦးရေ ၅၃၈၄ ဦးရှိရာ ၂၀၀၂-၂၀၀၃ ခုနှစ်မှစ၍ ဒေသဝမ်းစာဖူလုံရေးအတွက် လယ်ယာမြေများကို ၁၀၂ ဒသမ ၂၅ ဧက ဖော်ထုတ်ပေးခဲ့သည်။ ယခု ၂၀၀၄ ခုနှစ်တွင်မူ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးအဖွဲ့က ဌာနအစီအစဉ်ဖြင့် လယ်ယာမြေ ၈၁ ဧက တောင်သူအစီအစဉ်ဖြင့် ၁၀၈ ဒသမ ၅ ဧက ဖော်ထုတ်ပေးခဲ့သည်။

အခမဲ့ထွန်ယက်ပေး

တောင်သူအစီအစဉ်ဖြင့် ဖော်ထုတ်ပြီးစီးခဲ့သည့် လယ်ယာမြေ ဧက ၁၀၈ဒသမ၅ ဧက အတွက် နိုင်ငံတော်က တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ချီးမြှင့်ထောက်ပံ့ငွေကျပ် ၁၃၀၂၀၀၀ ကို လယ်ယာမြေဖော်ထုတ်သည့်တောင်သူ၄၈ဦးတို့အား အခမ်းအနားဖြင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ချီးမြှင့်ထောက်ပံ့ပြီးဖြစ်သည်။ ဒေသဝမ်းစာဖူလုံလာ၍ ဒေသခံများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။ ဆည်မြောင်းဦးစီးဌာနကလည်း ဆည်ဆောက်လုပ်နိုင်ရေးအတွက် ကျွမ်းကျင်သူများဖြင့်လေ့လာလျက်ရှိကြသည်။စက်မှုလယ်ယာကမူ ထွန်စက်လေးစီးဖြင့် ဖော်ထုတ်ပြီး ဧကများကို တောင်သူများ စိုက်ပျိုးရလွယ်ကူရန် အခမဲ့ထွန်ယက်ပေးနေသည်။ ရေရှည်အသုံးပြုနိုင်ရန် အတွက်လေ့ကားထစ်များဖော်ပေးမည်ဟု သိရသည်။

စက်မှုလယ်ယာဦးစီးဌာန ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း တာဝန်ခံ ဦးလှနိုင်က “မြေကျောက်ပေါများ၍ ထယ်တစ်ထပ်ထိုးမည့်နေရာတွင် နှစ်ထပ်ထိုးရ၍ ပိုမိုဝီရိယစိုက်ထုတ်ရကြောင်း”ဖြင့် လုပ်ငန်းအတွေ့အကြုံကို ရှင်းပြသည်။

ပြည်ငြိမ်းအေးစေတီတော်

ထို့နောက် မိမိတို့သည် မော်တော်ယာဉ်ဖြင့် ဆက်လက်ခြေဆန့်ခဲ့ကြပြီး ရွှေပြောင်ပြောင်တောင်ပေါ်က ဘုရားတစ်ဆူကိုဖူးမြင်ရ၍ သွားရောက်ဖူးမြော်ကြရာ အဆိုပါစေတီတော်မှာ ပြည်ငြိမ်းအေး စေတီတော်တည်း။ နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် ဒေသခံများ ကိုးကွယ်ကြည်ညိုကြရန် အမြတ်ဆုံးဒါနကောင်းမှုပင် ဖြစ်ပေသည်။

ဟိုမိန်းမြို့ကား ဌာနဆိုင်ရာရုံးများလည်း လက်ညှိုးထိုးမလွဲနိုင်အောင် ရှိသည်။ ဌာနဆိုင်ရာပေါင်း ၁၉ ခုပင်ရှိပြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံလည်းပါဝင်၍ ညပိုင်းတွင် မြန်မာ့ ရုပ်မြင်သံကြားနှင့် မြဝတီ ရုပ်မြင် သံကြားများကိုပင် ကြည့်ရှုခွင့်ရခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မြန်မာနိုင်ငံတစ်ဝန်းလုံး ဆက်သွယ်နိုင်သည့် iP Star တယ်လီဖုန်းဆက်သွယ်ရေးစနစ်ကို ပြီးခဲ့သော ဖေဖော်ဝါရီ ၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့၍ မိမိတို့ပင် ဖော်ကွာဝေးနေသူများထံ မိနစ်အနည်းငယ် ဖုန်းဖြင့်ဆက်သွယ်ခဲ့ကြသေးသည်။

ညပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာများ၊ ဒေသခံများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး၍ ဒေသခံတို့၏မျက်နှာတို့သည်ကား အပြုံးပန်းတွေဝေလျက် တိုင်းမှူးနှင့်တာဝန်ရှိသူတို့ကား အမောပန်းတွေပြေလျက် ရှိကုန်ကြသည်။

မတ်၂၃ရက်နံနက်ပိုင်းတွင် ဟိုမိန်းမြို့မှ မိမိတို့ပြန်လည်ထွက်ခွာလာကြသည်။ ပြည်ငြိမ်းအေးစေတီတော်၏ထီးရိပ်အောက်မှ ဟိုမိန်းပြည်သူများ၏ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို မုဒိတာအခါခါပွားလျက် မေတ္တာပို့သ ရင်းဖွံ့ဖြိုးဝေစည်လျက်ရှိသော ဟိုမိန်းမြို့ကို နှုတ်ခွန်းဆက်သလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



တာဘိုင်ရေဒလက်များကိုဒေသခံများကိုယ်တိုင် တီထွင်ထားသည့် ဝန်းကျင်ရွာလေးရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသော ၅၈ ကီလိုဝပ်ထုတ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ။

ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသား ခင်မောင်ဝင်း

ဟိုမိန်းမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သံတွဲမြို့၌စည်ကား

ရန်ကုန် ဧပြီ ၂၁

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို သံတွဲမြို့၌ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။ သင်္ကြန်ရက်များတွင် ဒေသခံပြည်သူများ သာမက အနယ်နယ်အရပ်ရပ်မှ ငပလီကမ်းခြေသို့ အပန်းဖြေလာရောက်ကြသော ပြည်သူများပါ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။

မဟာသင်္ကြန် အတက်နေ့ (ဧပြီ ၁၆ ရက်) ညပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ဆုပေးပွဲနှင့် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကိုကျင်းပရာ ရခိုင်ရိုးရာနံ့သာသွေး ပြိုင်ပွဲဆုရ အသင်းများနှင့် အခြားပြိုင်ပွဲဆုရ အသင်းများကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်၊ ဇနီး ဒေါ်ခင်ဆွေဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။**(အပေါ်ပုံ)**

ဧပြီ၁၇ရက်(နှစ်ဆန်းတစ်ရက်)နေ့တွင်သံတွဲမြို့ သာသနာ့ဗိမာန်တော်ကြီးနှင့် ရပ်ကွက်များ၊ ဌာနဆိုင်ရာများ၌ ပရိတ်တရားတော် ရွတ်ဖတ်ပွဲများ ကျင်းပကြသည်။ **(သတင်းစဉ်)**

အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတတိယအကြိမ်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၁

အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို ယနေ့ညနေ၄နာရီ ၅၀မိနစ်တွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဉ္စမထပ်ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံစီးပွားရေးဆိုင်ရာ သဘာတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှတ်တမ်းအတည်ပြု

အစည်းအဝေးတွင် ရှေးဦးစွာ အာဆီယံစီးပွားရေးဆိုင်ရာ သဘာတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးမှတ်တမ်းအားအတည်ပြုခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး (၂)ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်သွင်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ဒုတိယအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုအခြေအနေနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး အခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆပ်ကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ၊ ငါးလုပ်ငန်းဆိုင်ရာဆပ်ကော်မတီ၊ လယ်ယာအခြေခံပစ္စည်းဆိုင်ရာ ဆပ်ကော်မတီ၊ ကုန်စည်ရောင်းဝယ်ရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ မိုနာကိုက ချယ်လ်ဆီးကို အနိုင်ရရှိ

ရန်ကုန် မေ ၂၁

ဥရောပချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ်ယမန်နေ့က ပြင်သစ်နိုင်ငံ မိုနာကိုကွင်း၌ မိုနာကိုအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ယှဉ်ပြိုင်ကစားရာ မိုနာကိုအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မိုနာကိုအသင်းအတွက် ဒါတိုပါဆိုက ၁၇ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူပေးသည်။ ပွဲချိန် ၂၂မိနစ်တွင် ချယ်လ်ဆီးအသင်းအတွက် ဟာနန်ခရက်စပိုက ချေပဂိုးပြန်သွင်းယူ၍ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေဖြစ်နေသည်။

မိုနာကိုအသင်းအတွက် ဒုတိယဂိုးကို ၇၈မိနစ်တွင် ဖာနန်ဒိုမိုတီယင်တီးကလည်းကောင်း၊ တတိယဂိုးကို ၈၄ မိနစ်တွင် ရှာဘာနီနွန်ဒါ က လည်းကောင်းသွင်းယူပေးသည်။ ချယ်လ်ဆီးနှင့်မိုနာကိုတို့သည် ချယ်လ်ဆီးကွင်း၌ ဒုတိယအကျော့ ထပ်မံယှဉ်ပြိုင်ကစားရဦးမည် ဖြစ်သည်။

(မြန်မာ့အလင်း)

မိုနာကို အသင်းခေါင်းဆောင် ဂူလီနှင့် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဒက်ဆယ်လီတို့ ဘောလုံးယှဉ်လုကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပရီးမီးယားရှစ်ပွဲကျန် မန်ယူက ချာလတန်ကိုနိုင်

ရန်ကုန် မေ ၂၁

အင်္ဂလိပ်ပရီးမီးယားရှစ် ပွဲကျန်အဖြစ် မန်ချက်စတာယူနိုက်တက် အသင်းနှင့် ချာလတန်အသင်းတို့ ယမန်နေ့က အိုးထရက်ဖို့ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ချက်စတာ ယူနိုက်တက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

မန်ချက်စတာယူနိုက်တက်အသင်း အတွက် ပထမဂိုးကို လူးဝစ္စ ဆာဟာ က ၂၈မိနစ်တွင်လည်းကောင်း၊ ဒုတိယဂိုးကို ဂယ်ရီနဗီးလ်က ၆၅မိနစ်တွင်လည်းကောင်းသွင်းယူသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရရှိသဖြင့် ဒုတိယနေရာမှ ချယ်လ်ဆီးနှင့်တစ်မှတ်သာ လျော့နည်းလျက်ရှိသည်။

(မြန်မာ့အလင်း)

Myint Kyina Open ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ Jade Land Myanmar Co., Ltd. က အဓိကပံ့ပိုးမည့် ၂၀၀၄ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် Myint Kyina Open ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ၆ရက်မှ၉ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ Northern Starဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfers ပြိုင်ပွဲနှင့် အမျိုးသား အပျော်တမ်းပြိုင်ပွဲဟူ၍ နှစ်မျိုးကျင်းပမည်ဖြစ်ရာ အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ် ရိုက်ချက်(၀-၁၂)ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး အသက်(၁၈)နှစ် မပြည့်သေးသောလူငယ်များ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းသိရသည်။

Myint Kyina Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မေ ၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြစ်ကြီးနား Northern Star ဂေါက်ကလပ် ဖုန်း-၀၇၄-၂၂၉၀၀ နှင့် Han Event Management ဖုန်း-၇၂၃၂၂၀၊ ၅၄၂၉၈၉တို့သို့ အမည်စာရင်းများ ပေးသွင်းရမည် ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍လည်း စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ထပ်မံသတင်းရရှိ

ရန်ကုန် မေ ၂၁

မေ ၂၀ ရက်နေ့ထုတ် သတင်းစာများတွင် ပါရှိသည့် ပါရမီ ခုံးကျော်တံတား စတင်တည်ဆောက်ရန် ဆောင်ရွက်နေပြီဖြစ်၍ ယာဉ်လမ်းကြောင်းများ ပြောင်းလဲပြေးဆွဲပေးမည့်သတင်းတွင်မထသ(၄၃) ယာဉ်ကြီး (အစိမ်း)ယာဉ်လိုင်းအား မြောက်ဥက္ကလာပတံတားအောက်မှ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းဆုံမီးပွိုင့်မှ တစ်ဆင့် မူလလမ်းကြောင်းအတိုင်း အသွား/အပြန် ပြေးဆွဲမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထပ်မံသတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခကျောင်း ဓာတ်တော်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ(လူမှုထူးချွန်) ဒုတိယဆင့်သည် မေ ၁၉ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၇၉) ကြိမ်မြောက် သွေးလှူဒါန်းကြောင်းသိရသည်။

(က-ပ)

လမ်း(၅၀) ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မေ ၂၁

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၅)ရပ်ကွက် လမ်း(၅၀) (အောက်လမ်းသွယ်)ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာန နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဓမ္မကထိက ဘဒ္ဒန္တမာလာစာရ (ဓမ္မာစရိယ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ်တရားတော်များကို မေ ၂၇ ရက်မှ မေ ၃ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ ညစဉ်တရားနာယူနိုင်ကြောင်းသိရသည်။

(က-ပ)

သင်၏ ဓမ္မအသိဉာဏ် ဆက်မြက်မြင့်မားဖို့
သင့်စိတ်ကို ပစ္စုပ္ပန်တည်တည်ထားတတ်ဖို့
သင့်အနာဂတ်ကို သင်ကိုယ်တိုင် တာဝန်ယူနိုင်ဖို့အတွက်
လစဉ် (၁၈)ရက်နေ့တိုင်း ပုံမှန်ထွက်နေတဲ့....
အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း
ကို ဖတ်ပြစ်အောင် ဖတ်ပါလို့
အတွဲ(၅)၊ အမှတ်(၅) ၁၃၆၆-ခု ကဆုန်လ၊
၂၀၀၄-ခုနှစ်၊ မေလထုတ်
ထွက်ပြီ

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန်ဆောက်လုပ်ရေးလုပ်သားများခေါ်ယူခြင်း

၁။ မလေးရှားနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန် လုပ်သားအင်အား ၃၀၀ဦးလိုအပ်နေသဖြင့် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

(၁) အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းရှိရမည်။
(၂) အခြေခံပညာအလယ်တန်း (၈)တန်းအောင်ရမည်။
(၃) အင်္ဂလိပ်စကား အသင့်အတင့်ပြောဆိုနိုင်ရမည်။
(၄) ကျန်းမာရေးကောင်းရမည်။
(၅) ပြစ်မှုကင်းရှင်းရမည်။
(၆) အကျင့်စာရိတ္တကောင်းမွန်ရမည်။

၂။ ရွေးချယ်ခံရသောလုပ်သားသည် အောက်ပါအတိုင်းခံစားခွင့်ရှိသည်-
(က) တစ်နေ့(၈)နာရီ၊ လုပ်အားခ (၂၅)ရင်းဂစ် ရရှိမည်။
(ခ) တစ်နေ့အချိန်ပိုနှစ်နာရီ အလုပ်ဆင်းခွင့်ရှိပြီး သာမန်နှုန်း၏ ၁ ၁/၂ ဆရရှိမည်။
တစ်လပျမ်းမျှ ၈၀၀ ရင်းဂစ်ရရှိနိုင်သည်။

၃။ လျှောက်လွှာများကို ၂၀၀၄ ခုနှစ် မေ ၃၀ ရက်နေ့ နောက်ဆုံးထားလာရောက်လျှောက်ထားရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ရွှေအင်းဝဝန်ဆောင်မှု အေဂျင်စီကုမ္ပဏီလီမိတက် အမှတ် ၁၁၁၊ အောက်မင်္ဂလာဒုံ လမ်းမကြီး၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၆၄၂၄၇၃၊ Fax - ၆၄၂၉၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ရန်ကုန်ရုံးချုပ်တွင်တာဝန်ထမ်းဆောင်ရန်

(၁)	Supervisor (Sales)	Male (1)ဦး
(၂)	Team Leader (Sales)	Male (4)ဦး
(၃)	Merchandiser	Male (3)ဦး
(၄)	SalesMan	Male (3)ဦး

အမှတ်စဉ်(၁)တွင် ဘွဲ့ရ အတွေ့အကြုံ(၃)နှစ် (FMCG) wholesales Channel အတွေ့အကြုံရှိရမည်၊ အမှတ်စဉ်(၂)တွင် ဘွဲ့ရအတွေ့အကြုံ(၂)နှစ်ရှိရမည်၊ အမှတ်စဉ်(၂)နှင့်(၄)တွင် (၁၀)တန်းအောင်၊ ဘွဲ့ရဦးစားပေးမည် အတွေ့အကြုံ(၂)နှစ်ရှိရမည်၊ ယာဉ်မောင်းကျွမ်းကျင်ရမည်၊ အမှတ်စဉ်(၃)တွင် (၁၀)တန်းအောင်၊ ဘွဲ့ရဦးစားပေးမည်၊ အတွေ့အကြုံ(၂)နှစ်ရှိရမည်၊ အမှတ်စဉ်အားလုံးအတွက် နယ်ခရီးသွားလာနိုင်ရမည်၊

မော်လမြိုင်ရုံးခွဲတွင်တာဝန်ထမ်းဆောင်ရန်

(၁)	Branch Manager	Male (1)ဦး
(၂)	Supervisor(Sales)	Male (1)ဦး
(၃)	Accountant	Female (1)ဦး
(၄)	Merchandiser	Male (2)ဦး
(၅)	ရုံးအကူ	Male (1)ဦး

အမှတ်စဉ်(၁)တွင် ဘွဲ့ရ အတွေ့အကြုံ(၅)နှစ်ရှိပြီး ... LCCI Level(3)ရှိပြီး ... (၁၀)တန်းအောင် ဘွဲ့ရဦးစားပေးမည်၊ အတွေ့အကြုံ(၂)နှစ်ရှိရမည်၊

လျှောက်ထားသူများသည် ... (၂)ပုံ၊ ... လျှောက်ထားနိုင်ပါသည်။

အမှတ်(၃၃-၃၆)၊ ဝေဇယန္တာ... (၄-၅)လမ်း... ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၃၃...
အမှတ်(၂၄၂)၊ ... ဖုန်း - ၀၅၃-၂၂၂...

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘိုးဘွားများပူဇော်ကန်တော့ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကကြီးမှူးကျင်းပသော ဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ဧပြီ၁၇ရက် (နှစ်ဆန်းတစ်ရက်) မွန်းလွဲ ၂ နာရီခွဲက ပုသိမ်မြို့ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ အခမ်းအနားသို့ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်၊ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်ခင်သောင်း၊ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေက မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးရွယ်အို ဘိုးဘွားများအား ပူဇော်ကန်တော့ရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းတင်ပြပြီးနောက် တိုင်းမှူး၏ဇနီးက အဘိုးအဘွားများအား အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အဘိုးအဘွားများအား ပူဇော်ကန်တော့ရာ အဘိုးအဘွားများကိုယ်စား အဘိုးဦးသောင်းစိန်က လှူဒါန်းမှုများအတွက် ဆုမွန်ကောင်းတောင်းပေးပြီးနောက် တက်ရောက်လာကြသူများက အဘိုးအဘွား ၃၁ ဦးအား အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်

ကျောက်ပန်းတောင်း မတ် ၂၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် နိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာအောင်သံဃာတော်များ အောင်လက်မှတ်နှင့် ဆုနှင်းသဘင် အခမ်းအနားကို မြို့နယ်သာသနာ့ဗိမာန်ခန်းမတွင်မတ်၁၄ရက်က ကျင်းပသည်။

ဆက်ကပ်

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းက သာသနာရေး ဆိုင်ရာ ကိစ္စရပ်များကို ပန်ကြား လျှောက်ထားပြီး၂၀၀၃ခုနှစ် နိုင်ငံတော် အစိုးရ ပါဠိပထမပြန် စာမေးပွဲတွင် အောင်မြင်တော်မူကြသော ဓမ္မာစရိယအောင် နှစ်ပါး၊ ပထမကြီးတန်းအောင် ၂၁ ပါး၊ ပထမလတ်တန်းအောင် ၃၆ ပါး နှင့် ပထမငယ်အောင် ၁၀၄ ပါး တို့အား နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် အောင်ဆုများအသီးသီး ဆက်ကပ်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ (ဝဇိ၁)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီးဘဝ ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၆ x ၃)	-	၄၀ိ/-
ဘိလပ်မြေတစ်အိတ်	-	၄၀၀၀ိ/-
သဲတစ်ကျင်း	-	၆၀၀၀ိ/-
မြစ်ကျောက်(အသေး)တစ်ကျင်း	-	၂၀၀၀၀ိ/-
ထုံး (တစ်အိတ်)	-	၁၀၀၀ိ/-
သဲကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	-	၅၀၀ိ/-

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း -၅၄၃၂၃၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း -၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂-၃၆၃၆၅၊ ၀၂-၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ ရုံး

ပညာရေးဆောင်ပုဒ်ဖွင့်ပွဲနှင့်ဆုပေးပွဲကျင်းပ

ပြင်ဦးလွင် မတ် ၆

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဟူသော ဆောင်ပုဒ်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကိုမတ်၁ ရက်က ပြင်ဦးလွင်စစ်တက္ကသိုလ်အမှတ် (၂၁) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ ဆောင်ပုဒ်အား ကျောင်းသားကျောင်းသူများက မြန်မာ့သီချင်း သီဆို၍ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မင်းတင်၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်ပညာရေးမှူးဦးစံရွှေက ကျေးဇူးတင်စကားပြောကြားပြီး ပညာရည်ချွန် ဆုပေးပွဲ ဆက်လက်ကျင်းပပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၂၈၀)**

မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ ရန်ကုန်မြို့ သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ်ကနှစ်သစ် နှစ်ဦး သင်္ကြန်အတွင်း ခုနစ်ရက် တရား စခန်းသိမ်းပွဲ အခမ်းအနားကိုဧပြီ၁၇ ရက် ကျင်းပရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၁၆လမ်းနေ ဦးကျိုက် ဟင်း-ဒေါ်သန်းသန်း(ခ)ဒေါ်ကင်လျှံ တို့က ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ် သုံးသိန်းလှူဒါန်းရာ သစ္စာ ဒီပက ဝိပဿနာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ရီက လက်ခံရယူစဉ်။ (၄၂၁)

ဆည်ရေကန်ရေဖြင့် မိုးကြိုဝါစိုက်ပျိုး

နွားထိုးကြီး ဧပြီ ၃

နွားထိုးကြီးမြို့နယ်တွင် ဆည်ရေကန်ဖြင့် မိုးကြိုဝါစိုက်ပျိုးရေး အကောင်အထည်ဖော်စိုက်ပျိုးခြင်းကို ယခုအခါ ဆည်ရေလွှတ်၍ ကေ၅၈၀သို့ ဆည်ရေပေးနေပြီဖြစ်သည်။

စက်ပန်းဆည်ရေဖြင့် ကေ ၃၈၀ ကိုလည်းကောင်း၊ ကန်နားကန်ရေဖြင့် ကေ၁၀၀ကိုလည်းကောင်း၊ ပြောင်းပြာဆည်ရေဖြင့်ကေ၁၀၀ကိုလည်းကောင်း၊ မိုးကြိုချည်မျှင်ရှည်ဝါများကို နွားထိုးကြီး ဝါလုပ်ငန်းက အကောင်အထည်ဖော်ကြခြင်းဖြစ်သည်။ မြင်းခြံ ခရိုင်ဝါလုပ်ငန်း မန်နေဂျာ ဦးကျော်ငြိမ်း၊ နွားထိုးကြီး ဝါလုပ်ငန်း မန်နေဂျာ ဒေါ်စန်းစန်းမြင့်နှင့် ဝါလုပ်ငန်းဝန်ထမ်းများသည် ဆည်ရေကန်ရေသောက်ဝါခင်းများကို ကွင်းဆင်း၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးနေပြီး ဝါစီမံကိန်းကေပြည့် အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၂၇)

နန့်ရင်ချောင်းကူးနောင်စွန်းတံတားပြီးစီးရေး အုတ်စီအုတ်သယ်စုပေါင်းဆောင်ရွက်

မိုးညှင်း မတ် ၁၅

ကချင်ပြည်နယ် မိုးညှင်းမြို့ နန့်ရင်းချောင်းကူး နောင်စွန်းတံတား၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အသင်းအမှုဆောင်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ရပ်ကွက်အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ မတ် ၁၄ရက်က တံတားပြီးစီးရေးအတွက် အုတ်စီ အုတ်သယ်ခြင်းများဆောင်ရွက်ကြသည်။ အဆိုပါအကျိုးပြုလုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များက အားပေးကူညီကြသည်။ **(၁၅၂)**

ဧပြီ ၁၉ ရက်က လမ်းမတော်မြို့နယ်အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ ခရိုင်ဒုတိယဦးစီးမှူး ဦးတင်မောင်ဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ကြင်ကြူနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ဆုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဗလုံ-ကန်ဆင့်ကျေးရွာချင်းဆက်မြေသားလမ်းဖွင့်

မြင်းခြံ ဧပြီ ၉

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်သောဗလုံ-ကန်ဆင့် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၈ နာရီက ကန်ဆင့်ကျေးရွာရှေ့မုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်ချိုချိုခင်က ဗလုံ-ကန်ဆင့် ကျေးလက်မြေသားလမ်း သုံးမိုင် ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာလူထု ကိုယ်စား ရပ်မိရပ်ဖဦးဆန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး လမ်းကိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** (၄၀၂)

ဝက်လက်မြို့ ထွေ/အုပ် ဦးစီးတာဝန်သင်တန်းဖွင့်

ဝက်လက် မတ် ၂၂

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးတာဝန်သင်တန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမတွင် မတ် ၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရေးမှူး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးသန့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြသပြီး၊ စာရွက်စာတမ်းများ ထိန်းသိမ်းနည်းကို ဒုဦးစီးမှူး ဒေါ်ခင်လေးမြင့်တို့က သင်တန်း ပို့ချခဲ့ကြကြောင်း သိရသည်။

(က-ပ)

မြင်းမူမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ မတ် ၁၄ ရက်က ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ငါးနှစ်ဆက်တိုက် ပထမဆုနှင့် အဋ္ဌမတန်းဘာသာစုံ ပထမဆုရရှိသော မဝေမွန်သက်အား ကျောင်းအုပ်ဆရာကြီး ဦးကြည်ဆောင်က ဆုချီးမြှင့်စဉ်။

(၁၆၇)

ပင်လောင်းမြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးတို့သည် မြို့သာယာလှပရေးလုပ်ငန်းများဖြစ်သော မြို့တွင်းပလက်ဖောင်းများ ပြုပြင်ခြင်းနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်းတို့ကို မတ် ၅ ရက်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သီပေါမြို့လယ်ချောင်းရေလုံလောက်စွာရရှိရေး မြေထိုးစက်ယန္တရားဖြင့်တူးဖော်

သီပေါ ဧပြီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ သောက်သုံးရေရရှိရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သီပေါမြို့ မြို့လယ်ချောင်းသို့ ရေလုံလောက်စွာ ရောက်ရှိစေရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မတ် ၃၁ ရက်က သီပေါမြို့နယ်အတွင်းရှိ နမ့်ပေါ့ချောင်းရေထွက်မှ မြို့လယ်ချောင်းအတွင်း ရေလုံလောက်စွာရရှိရေးအတွက် မြေထိုးစက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နမ့်ပေါ့ချောင်း ရေထွက်မှ မြို့လယ်ချောင်းတစ်လျှောက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးစိုးလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာဦးမျိုးမင်းညွှန့်တို့က ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ကြည့်ရှုစစ်ဆေးကြသည်။

ကူညီဆောင်ရွက်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်က မြို့နယ်အတွင်း ရေလုံလောက်စွာရရှိရေးနှင့်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသူများကို ကျေးဇူးတင်စကားပြောကြားကြကြောင်း သိရသည်။ (၃၀၆)

အမြို့မြို့ အနယ်နယ် သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြော

မန္တလေး မတ် ၂၃

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနနှင့်မန္တလေးတိုင်းမြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့ပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင်များ၊ မီဘေးကြိုတင်ကာကွယ်ရေးအတွက်စီမံဆောင်ရွက်ထားမှုများကို ပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်နံနက်က ၃၅ လမ်းနှင့် ၇၁ လမ်းထောင့်၊ စက်သုံးဆီအရောင်းဆိုင်အမှတ် ဝ၆၁၁ သို့ ခရိုင်မီးသတ်ဦးစီးအရာရှိဦးဇော်ဝင်းသည်မန္တလေးခရိုင်အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်ချမ်းအေးသာစံမြို့နယ်တပ်ခွဲမှူးနှင့် တာဝန်ရှိသူများသွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးကိစ္စရပ်များလိုက်နာရန်၊ ရှောင်ရန် ကိစ္စရပ်များကို ရှင်းလင်းသည်။

ထို့နောက် စက်သုံးဆီမော်တော်ယာဉ်ပေါ်မှ သိုလှောင်ကန်အတွင်း ထည့်သွင်းနေမှု၊ အပူဒဏ်ကိုကာကွယ်ပေးသည့် သိုလှောင်ကန်အနီးရှိ ရေပန်းပိုက်များ၊ ဆိုင်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မီးလောင်လွယ်စေသည့် လောင်စာများ ရှင်းလင်းဆောင်ရွက်ထာမှု၊ မီးသတ်ဆေးဘူးများ ထားရှိမှု၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှု၊ မီးသတ်ရေလှောင်ကန်နှင့် ရေအလွယ်တကူရေရရှိမှု ဆိုင်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး ရိုးရိုးမီး၊ ဆီးမီးများ အလွယ်တကူ အရေးပေါ်မီးသတ်ဆေးဘူးဖြင့် တစ်ပိုင်တစ်နိုင် လျင်မြန်စွာငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြောင်း သိရသည်။ (၁၆၂)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်စပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက်က ယင်းကျောင်းရှေ့တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(၁၃၇)

ရပ်ရွာပညာပဒေသာစာကြည့်တိုက် တောင်ကြီးမြို့နယ်၌ဖွင့်

တောင်ကြီး ဧပြီ ၅

ရှမ်းပြည်နယ် ပညာရေးမှူးရုံးမှ ကြီးကြပ်မှုဖြင့် **'လူတိုင်းအတွက်ပညာရေး'၊ 'ပညာရေးသည် လူတိုင်းအတွက်'** ဟူသော ဆောင်ပုဒ်အရ တောင်ကြီးမြို့နယ် နမ့်ဟူကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာ ရပ်ရွာပညာပဒေသာစာကြည့်တိုက် ဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါ ကျေးရွာတွင် ကျင်းပရာ တောင်ကြီးမြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးချစ်ဇော်၊ ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဂနိုင်ထုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(က-ပ)

အလင်းဆောင်စာကြည့်တိုက်ဖွင့်

ခင်ဦး မတ် ၁၄

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် တယ်ဘိုပင်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး အလင်းဆောင် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၉ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးစိုးဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးချစ်ဝင်းနှင့် အလှူရှင် ဦးစံတင်အောင် (ရွှေဘို)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးအုန်းသန်းက စာကြည့်တိုက်အကြောင်း သိကောင်းစရာများနှင့် အလှူရှင် ဦးစံတင်အောင် (ရွှေဘို)က ကျပ်သိန်း ၂၀၀တန် အလင်းဆောင် စာကြည့်တိုက်ဖွင့်လှစ်လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ပြောကြားကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြံစိုက်ခင်းများ စုပေါင်းဓာတ်မြေသြဇာထည့်သွင်း

တပ်ကုန်း မတ် ၂၆

တပ်ကုန်းမြို့နယ် ၂၀၀၃- ၂၀၀၄ခုနှစ် ကြံရာသီတွင် စိုက်ပျိုးထားသော ကြံစိုက်ခင်းများအား စုပေါင်းဓာတ်မြေသြဇာထည့်ခြင်းအခမ်းအနားကို ဒဟတ်ကုန်းပညာပေးစခန်းနယ်မြေ ကျေးချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၉၈)ရှိ ကြံတောင်သူဦးအုန်းလှိုင်၏ အကွက်၌ မတ် ၁၄ရက်က ပြုလုပ်သည်။

အခမ်းအနားသို့ ရမည်းသင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ခရိုင်အဆင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြန်မာ့ကြံ လုပ်ငန်း သကြားစက်ရုံမှ ဝန်ထမ်းများ၊ စိုက်ပျိုးတိုးချဲ့ရေးဝန်ထမ်းများနှင့် ဒေသခံကြံတောင်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

မြန်မာ့ကြံလုပ်ငန်း မြို့နယ်တာဝန်ခံ ဦးသက်ဦးက ကြံသီးနှံကို စနစ်တကျ ရေတင်ပေးခြင်း၊ သွင်းအားစု ဓာတ်မြေသြဇာများ အချိုးညီထည့်ပေးခြင်းဖြင့် တစ်ဧကအထွက်နှုန်း တန် ၃၀ ရရှိနိုင်ပြီး၊ မိုးတွင်းကာလတွင်လည်း ဓာတ်မြေသြဇာ ထည့်ခြင်းများ ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

မြေသြဇာကြဲ

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံ ကြံတောင်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများစုပေါင်း၍ ကြံခင်းအား ဓာတ်မြေသြဇာနှင့် သဘာဝ မြေသြဇာကြဲပက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၆၆)**

မြန်မာ့အသံ

၂၃-၄-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅	နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (သမိုင်းမှ ပေါက်ဖွားလာသော မြန်မာ့သစ်လုပ်ငန်း)
၁၁:၃၅	သုတရေးရာဖြေကြားလွှာ
၁၂:၀၀	ကျန်းမာရေးနှင့်ဆေးပညာ (မီးဖိုချောင်ကျန်းမာရေး)
၁၂:၃၀	ဇာတ်လမ်းပမာ (အဖေ့သားဘုရားဒါယကာ)
၁၃:၁၀	ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆:၂၀	ကျေးလက်ဇာတ်လမ်း (အေးချမ်းပါစေ)
၁၇:၃၀	ရေဒီယိုမဂ္ဂဇင်း (၁)စကားအရာအရေးပါ (ခေါင်းကြီး) (၂)မိသားစုညနေခင်းများ(၄) (ဆောင်းပါး)
၁၇:၅၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀	သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးနေ့ ဆောင်ပုဒ်များ အကြောင်း) (မောင်ဆုရှင်)

အင်းစိန်မြို့နယ်အတွင်းရှိ ရဟန်းသာမဏေ၊ သီလရှင်များအား သာသနာ့ဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်ပွဲကို မတ် ၂၉ ရက်က အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတထံ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က သာသနာ့ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်စဉ်။ (ဝ၄၆)

မှော်ဘီမြို့ ဓမ္မဒူတ ဇေတဝန်တောရ ဆောက်နှာရာမကျောင်းတိုက် (အောက်ဝါးနက်ချောင်း)တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၏ ရှေ့မှောက်တွင် အရှင်အာဒိစ္စက ဒဂုံအရှေ့ပိုင်းရှိပေ၄၀×ပေ၆၀ မြေကွက်အား ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်သုဒဿနလမ်း၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင် သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က-ပ)

သက်ကြီးပူဇော်ပွဲနှင့် ငါးလွှတ်ပွဲ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်တက်ရောက် အဘိုးအဘွားများအား ထောက်ပံ့ပစ္စည်းများပေးအပ်၊ ငါးသားပေါက်များဘေးမဲ့လွှတ်

ရန်ကုန် ဧပြီ ၂၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်) မွန်းလွဲ၁ နာရီက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးခရိုင်အတွင်းရှိ အဘိုးအဘွားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးကအဘိုးအဘွားများအားလှူဒါန်းကန်တော့ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည်အဘိုးအဘွားများအား ကန်တော့ကြသည်။

ဆက်လက်၍ အဘိုးအဘွားများကိုယ်စား အဘိုး ဦးရဲအောင်က ဆုတောင်း မေတ္တာပို့သသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊တက်ရောက်လာကြသူများကအဘိုးအဘွားများအား ကန်တော့ ပစ္စည်းများ ပေးအပ် လှူဒါန်းကြသည်။ အခမ်းအနားတွင် အသက် ၉၀နှင့် အထက် အဘိုး၁၈ဦး၊ အဘွား၄၆ဦး စုစုပေါင်း အဘိုးအဘွား ၆၄ဦးတို့အား ငွေကျပ် ၁၁၄၂၄၀၀တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကိုပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ညနေ ၄နာရီတွင် တိုင်းမှူးသည် မန္တလေး နန်းမြို့တော်ဘက် မင်္ဂလာ တံတားထိပ် ကျုံးဘေးတွင် ကျင်းပသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစု၏ နဝမ အကြိမ်မြောက် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ တိုင်းမှူးနှင့်ဇနီးတို့က ဦးဆောင်၍ ငါးကြင်းသားပေါက်များကို မင်္ဂလာ တံတားတောင်ဘက်ကျုံးအတွင်းသို့ဘေးမဲ့လွှတ်ပေးရာ တက်ရောက်လာကြသူများ၊ မန္တလေး တပ်နယ်မိသားစုများကလည်း ကျုံးအတွင်းသို့ ငါးကြင်းသားပေါက်များကို တပျော်တပါးလွှတ်ပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ဝမ်းတွင်း မတ် ၂၈

ကမ္ဘာ့ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)မှ ဒေါ်ပင်စီထွန်းသိန်း ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ဒေါက်တာဦးဝင်းလှိုင်၊ ဒေါက်တာသွယ်သွယ်ဝင်းတို့ပါဝင်သောအဖွဲ့နှင့် ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲကို မတ် ၂၃ရက် နံနက် ၉နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးတင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် UNFPA မှ အဖွဲ့ခေါင်းဆောင် ဒေါ်ပင်စီထွန်းသိန်းက မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အမူအကျင့်များ ပြောင်းလဲလာစေရန် ဆက်သွယ်ပညာပေးရေးကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါက်တာကြည်ကြည်မာက မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုများအား ဆွေးနွေးမေးမြန်း၍ သုံးသပ်အကြံပြုပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မူလလက်ဟောင်း
"ဆူးလေချစ်တီးထမင်းဆိုင်"
ပြန်လည်ဖွင့်လှစ်ပြီ

သန့်ရှင်းလတ်ဆတ်တဲ့"ဆူးလေချစ်တီး"ထမင်းဟင်းကောင်းကောင်းလေး စားချင်တယ်ဆိုရင်တော့ အမှတ် ၄၃၄၊ သိမ်ဖြူလမ်းက "ဆူးလေချစ်တီး" ထမင်းဆိုင်ကို ကြွလှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါရစေ၊ နံနက်စာအဖြစ် လက်ဖက်ရည်၊ ကော်ဖီ၊ အာလူးပူရီ၊ တိုရှည်၊ နန်းကြီးသုပ်၊ နန်းပြားသုပ်များလည်း အရသာရှိရှိ လာရောက်သုံးဆောင်နိုင်ပါတယ်။ယခင်ဆူးလေဘုရားလမ်းက"ဆူးလေချစ်တီး" ထမင်းဆိုင်ကို လာရောက်စားသုံး အားပေးဖူးသော မိတ်ဟောင်းများရဲ့ တောင်းဆိုမှုကို ကျေးဇူးတုံ့ပြန်သောအားဖြင့် "ဆူးလေချစ်တီး"ထမင်းဆိုင်ကို ယခု သိမ်ဖြူဈေးမှတ်တိုင်အနီး သိမ်ဖြူလမ်းမပေါ်တွင် ပြန်လည်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။မွေးနေ့၊အလှူမင်္ဂလာ၊ ဧည့်ခံပွဲများအတွက် အော်ဒါများလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူကြီးမင်းများ အဆင်ပြေစွာစားသုံးနိုင်ရန် ဆိုင်ဖွင့်လှစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **အမှတ် ၄၃၄၊ သိမ်ဖြူလမ်း၊ ဖုန်း-၂၉၀၂၅၈**

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ရေကူးဒိုင်လူကြီးသင်တန်း

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ရေကူးဒိုင်လူကြီးသင်တန်းကို မေလ ၂၄ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။ အသက် (၁၈)နှစ်မှ အသက် (၅၀)ထိ လျှောက်ထားနိုင်ပါသည်။ ပညာအရည်အချင်းမှာ အနည်းဆုံး (၁၀)တန်းအောင်မှ ဘွဲ့ရ ဖြစ်ရမည်။ သင်တန်းတက်ရောက်၍ အောင်မြင်သူများအား ထောက်ပံ့ကြေးကျပ်ငါးသောင်းချီးမြှင့်မည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၇၁၀၅၇၊ ၅၄၅၇၂၀ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ သင်တန်းအောင်မြင်ပြီးသူများသည် ရေကူးပြိုင်ပွဲများတွင် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ရမည်။ လျှောက်လွှာများကို အမျိုးသားရေကူးကန်ရှိ အဖွဲ့ချုပ်တွင် လာရောက်လျှောက်ထားနိုင်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

